**နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် MRTV တွင် အခန်းဆက်အဖြစ် ထုတ်လွှင့်ခဲ့သည့် စီးပွားရေးစကားဝိုင်း ဆွေးနွေးပွဲအား အများပြည်သူသိရှိလေ့လာနိုင်ရန် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-**

နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်၏အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့် စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းတွင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်း ကြီး ကြပ်ရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးဌေးချွန်နှင့် ဒေါ်တင်မေဦး၊ ရန်ကုန်စတော့အိပ်ချိန်းမှ ဒါရိုက်တာအဖွဲ့ဝင်ဦးဝင်းနိုင်ဦး၊ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက် (Myanmar Securities Exchange Centre Co. Ltd.,- MSEC) မှ အမှုဆောင်ဒါရိုက်တာ ဒေါ်ယဉ်မြတ်မင်းနှင့် TMH Telecom Public Co. Ltd., မှ အမှုဆောင်ဒါရိုက်တာ ဒေါက်တာနန်းလဲ့ရည်စိုးတို့က ပါဝင်ဆွေးနွေးကြသည်။

**အစီအစဉ်မှူး။** **ပထမဦးစွာ ဒုတိယဝန်ကြီးအနေနဲ့ နိုင်ငံတော်ရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အရင်းအနှီးဈေးကွက်ရဲ့ အခန်းကဏ္ဍကို ရှင်းပြပေးပါ။**

**ဦးမောင်မောင်ဝင်း။** နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာမှာ ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍအသီးသီးတို့တိုးတက်ဖွံ့ဖြိုးစေရန်အတွက် ကြိုးပမ်းဖို့လိုပါတယ်။ ဒီလိုတိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းတဲ့နေရာမှာ ဝန်ဆောင်မှုကဏ္ဍတစ်ခုဖြစ်တဲ့ ဘဏ်လုပ်ငန်းနဲ့ ငွေရေးကြေးရေးကဏ္ဍတို့သည်လည်း မရှိမဖြစ်အရေးပါတဲ့လုပ်ငန်းတွေဖြစ်ပါတယ်။ ငွေရေးကြေးရေးကဏ္ဍထဲမှာ ငွေကြေးလည်ပတ်တဲ့စနစ်တွေ မှန်ကန်ပြီး စီးပွားရေးစနစ်ကို အထောက်အကူပြုနိုင်တဲ့ သင့်လျော်တဲ့စနစ်တွေဖြစ်ဖို့ လိုအပ်ပါတယ်။ ဒီအတွက်ကိုလည်း နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းပြီးတည်ဆောက်ကြရပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအနေအထားကို ပွင့်ပွင့်လင်းလင်းပြောရရင် ဘဏ်လုပ်ငန်းနဲ့ ငွေရေးကြေးရေးစနစ်တွေဟာ နိုင်ငံတကာနဲ့ယှဉ်ရင်တော့ နောက်ကျနေတယ်ဆိုတဲ့ အနေအထားမှာ ရှိနေပါတယ်။ အရင်းအနှီးဈေးကွက်ကလည်း ယနေ့အချိန်မှာ နောက်ကျနေတယ်။ နောက်ကျနေတဲ့အတွက် အရင်းအနှီးဈေးကွက်ကနေ နိုင်ငံတော်ရဲ့ စီးပွားရေးကို အထောက်အကူပြုနိုင်တဲ့အပိုင်းမှာ အားနည်းနေပါသေးတယ်။

နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဘယ်လိုအထောက်အကူပြုနိုင်လဲဆိုရင် အရင်းအနှီးဈေးကွက် (Capital Market) တွေဟာ အရင်းအနှီးလိုအပ်နေတဲ့ စီးပွားရေး လုပ်ငန်းတွေနဲ့ ငွေကြေးပိုလျှံလို့ ရင်းနှီးမြှုပ်နှံချင်တယ်ဆိုတဲ့ ငွေပိုငွေလျှံရှိတဲ့သူတွေ အတွက် ပေါင်းကူးသဖွယ်အဖြစ် ဒီဈေးကွက်မှာလာပြီးတော့ ရောင်းနိုင်ဝယ်နိုင်အောင် လုပ်ပေးတာဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံမှာ ငွေပိုငွေလျှံရှိပြီးတော့ ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေ အများအပြား ရှိနိုင်ပါတယ်။ အဲ့ဒီလို အများအပြားရှိနိုင်တဲ့အတွက် အရင်းအနှီးဈေးကွက် မရှိတဲ့အခါမှာ ဘဏ်မှာပဲသွားအပ်ကြရပါတယ်။ ဘဏ်ကပေးတဲ့ အတိုးကိုပဲယူပြီး နေတဲ့အခါကျတော့ သူတို့ရဲ့ငွေတွေကလည်း ဘဏ်မှာပဲမြုပ်သွားတဲ့ အခြေအနေရှိပါတယ်။ နောက် သူတို့ အနေဖြင့်လည်း ဒီအတိုးအပေါ်မှာ ပုံမှန်ရနေတဲ့ငွေကိုပဲ ကျေနပ်နေရတဲ့ အနေအထားမျိုး ရှိပါတယ်။ အရင်းအနှီးဈေးကွက်မှာသွားပြီး ရင်းနှီးမြှုပ်နှံခြင်းအားဖြင့် အစုရှယ်ယာတစ်ခု ကိုဝယ်ထားမယ်ဆိုရင် ဒီအစုရှယ်ယာအတွက် ကုမ္ပဏီက နှစ်စဉ်ခွဲဝေပေးတဲ့ အမြတ်ဝေစု ကိုလည်း ပုံမှန်ရနေနိုင်မယ်။ နောက်ပြီး ဒီကုမ္ပဏီရဲ့စီးပွားရေး လုပ်ဆောင်ချက်တွေ ကောင်းမွန်ရင်ကောင်းမွန်သလို သူတို့ရဲ့ အစုရှယ်ယာတန်ဖိုးတွေ မြင့်တက်လာတဲ့အခါ အမြတ်ဝင်ငွေကိုလည်း ရတဲ့အတွက် ရင်းနှီးမြှုပ်နှံတဲ့သူများကို ပိုမိုပြီးအကျိုးရှိစေမယ့် ဈေးကွက် ဖြစ်ပါတယ်။

တစ်ဖက်ကလည်း အရင်းအနှီးကို စုဆောင်းလို့ရသွားတဲ့ ကုမ္ပဏီအနေနဲ့လည်း ကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှု၊ ကုန်သွယ်မှုတို့လို ကဏ္ဍတွေမှာ လုပ်ငန်းကိုတိုးချဲ့ပြီး လုပ်နိုင်တဲ့အတွက် တိုင်းပြည်ရဲ့ GDP (စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး) ကို တိုးတက်စေမှာ အမှန်ပဲဖြစ်ပါတယ်။ ဒါကြောင့် အရင်းအနှီးဈေးကွက်ဟာ တိုင်းပြည် အတွက် အရေးကြီးပါတယ်။

**အစီအစဉ်မှူး။ မြန်မာနိုင်ငံရဲ့အရင်းအနှီးဈေးကွက် တည်ထောင်ခဲ့မှုအခြေအနေကိုလည်း ရှင်းပြပေးပါ။**

**ဒေါ်တင်မေဦး။** မြန်မာနိုင်ငံမှာ ဈေးကွက်စီးပွားရေးစနစ်ကို စတင်ပြောင်းလဲ အကောင် အထည်ဖော်ကတည်းက စီးပွားရေးလုပ်ငန်းကြီးတွေအတွက် လိုအပ်တဲ့ငွေကို ဘဏ်ချေး ငွေတစ်ခုတည်းအပေါ်မှာ မမှီခိုဘဲ အရင်းအနှီးဈေးကွက်ကနေတစ်ဆင့် ပမာဏကြီးမားတဲ့ ငွေကြေးအရင်းအနှီးများကို ရှာဖွေရယူနိုင်ရန်အတွက် အရင်းအနှီး ဈေးကွက်တည်ထောင်

ဖို့လိုအပ်တယ်လို့ အားလုံးကဆုံးဖြတ်ခဲ့ကြပါတယ်။ ဒါကြောင့် ၁၉၉၆ ခုနှစ်မှာ မြန်မာနိုင်ငံရဲ့ကိုယ်စား မြန်မာ့စီးပွားရေးဘဏ်နှင့် ဂျပန်က Daiwa Securities Group တို့ ၅၀% - ၅၀% စီ ထည့်ဝင်ကြပြီး Myanmar Securities Exchange Centre Co. Ltd., (MSEC) ကို ဖက်စပ်ကုမ္ပဏီအနေဖြင့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခု အဖြစ် စတင်တည်ထောင်ခဲ့ပါတယ်။

အရင်းအနှီးဈေးကွက်တစ်ခုလုံးအတွက် အဓိက လိုအပ်ချက်ဖြစ်တဲ့ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေရဲ့ ပထမဆုံးမူကြမ်းကို စတင်ရေးဆွဲခဲ့ပါတယ်။ အဲ့ဒီ ဥပဒေမူကြမ်းရေးဆွဲနေတဲ့ ကာလတစ်လျှောက်မှာလည်း ဒီဈေးကွက်ရဲ့အခြေခံဖြစ်တဲ့ ကောင်တာဈေးကွက် (Over the Counter Market- OTC) တစ်ခုကို စတင်တည်ထောင်ခဲ့ပြီး အဲဒီဈေးကွက်မှာလာရောက် အရောင်းအဝယ်လုပ်ဖို့ ဖိတ်ခေါ်တဲ့အခါမှာ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်နဲ့ မြန်မာနိုင်ငံသားများဘဏ်တို့က သူတို့ရဲ့ရှယ်ယာများကို ကျွန်မတို့ ဖွဲ့စည်းတည်ထောင်လိုက်တဲ့ OTC မှာ လာရောက်ပြီး အရောင်းအဝယ်ပြုလုပ်ကြပါတယ်။

အရင်းအနှီးဈေးကွက်ဆိုတာ အစုရှယ်ယာရောင်းဝယ်တဲ့ဈေးကွက် (Equity Market) သာမက ငွေချေးစာချုပ်ဈေးကွက် (Bond Market) လည်းပါဝင်ပါတယ်။ အဲဒီတော့ ၁၉၉၈ ခုနှစ်ကတည်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ်နဲ့ MSEC တို့ သဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုပြီးတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ဝေတဲ့ ငွေတိုက်စာချုပ် (Treasury Bond) တွေကို MSEC မှာ အရောင်းအဝယ်ပြုလုပ်ရန် အစိုးရငွေချေးစာချုပ် ရောင်းဝယ်ရေးဈေးကွက်ကိုလည်း စတင်တည်ထောင် ပေးခဲ့ပါတယ်။ ထို့ပြင် အစုရှယ်ယာလက်မှတ်များနှင့် ငွေချေးစာချုပ်လက်မှတ်များကို လုံခြုံစွာ ထိန်းသိမ်းပေးတဲ့ Safe Custody လုပ်ငန်းကိုလည်း အစပျိုးဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၂ ခုနှစ်မှာ ယခင် ဘဏ္ဍာရေးဝန်ကြီးဌာန အနေနှင့် ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်သည် အဓိကလိုအပ်ချက်ဖြစ်တယ်ဆိုတဲ့ ယူဆချက်နဲ့ နှစ်ဖက်စလုံး ထပ်မံကြိုးပမ်းဆောင်ရွက်ချက်အရ ၂၀၁၃ ခုနှစ်မှာ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီပြဋ္ဌာန်းခဲ့တဲ့ ဥပဒေအပေါ်မှာ အခြေခံပြီးတော့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ကိုဖွဲ့စည်း

ခဲ့ပါတယ်။ ကော်မရှင်က Yangon Stock Exchange တည်ထောင်ရန်အတွက် ခွင့်ပြုချက် ထုတ်ပေးခဲ့ပါတယ်။ Stock Exchange မှာ အစုရှယ်ယာများ အရောင်းအဝယ်လုပ်နိုင်ရန် အတွက်ကြားခံအဖြစ် မရှိမဖြစ်လိုအပ်တဲ့ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီတွေကို ကော်မရှင်က လိုင်စင်ထုတ်ပေးခဲ့ပါတယ်။

စျေးကွက်လည်းတည်ထောင်ပြီး အရောင်းအဝယ်လုပ်ပေးမယ့် ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီများလည်းရှိပြီဖြစ်လို့ အရောင်းအဝယ်ဖြစ်မြောက်ပြီး ငွေပေးချေရန် ဆောင်ရွက်ပေးမယ့် စာရင်းရှင်းလင်းရေးဘဏ် (Settlement Bank) ကိုလည်း ရွေးချယ် တာဝန်ပေးခဲ့ပါတယ်။ ကော်မရှင်အနေနဲ့ ဒီလို တစ်ဆင့်ပြီးတစ်ဆင့် အရင်းအနှီးစျေးကွက် တည်ထောင်နိုင်ရေးအတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါ တယ်။ အခုအချိန်မှာဆိုရင် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company) ခြောက်ခုရှိပြီး စတော့အိပ်ချိန်း (Stock Exchange) မှာလည်း စာရင်းဝင် ကုမ္ပဏီငါးခုရဲ့ အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်နေပါပြီ။ ဒါကြောင့် အရင်းအနှီးစျေးကွက်ရဲ့ ကနဦးအဆင့်ကို အောင်မြင်စွာ ထူထောင်ပြီးဖြစ်တယ်လို့ ဆိုချင်ပါတယ်။

**အစီအစဉ်မှူး။ အချို့သောပုဂ္ဂိုလ်တွေက စတော့အိပ်ချိန်းတည်ထောင်တာ စောလွန်း တယ်လို့ဝေဖန်နေကြပါတယ်။ အချို့ကလည်း စတော့အိပ်ချိန်းဟာ ငွေဖြုန်းတီးတဲ့နေရာ ဖြစ်တယ်လို့ ဝေဖန်သံများလည်းကြားရပါတယ်။ စတော့ရှယ်ယာစျေးကွက် တိုးတက် အောင်မြင်ရေးအတွက် အလားအလာကောင်းများနဲ့ ကြုံတွေ့နေရတဲ့ စိန်ခေါ်မှုတွေကို သုံးသပ်ပေးပါ။**

**ဦးဌေးချွန်။** ။စောတယ်လို့ ဝေဖန်တာနဲ့ပတ်သက်ပြီး ကျွန်တော့်အမြင်ပြောရရင် မြန်မာ နိုင်ငံမှာ စတော့ရှယ်ယာစျေးကွက်နဲ့ ပတ်သက်ပြီး တော်တော်အလှမ်းဝေးခဲ့တာရယ်၊ စတော့ရှယ်ယာစျေးကွက် တည်ထောင်ဖို့အတွက် လိုအပ်တဲ့ အခြေခံအဆောက်အဦတွေ ပြည့်စုံမှုမရှိသေးတဲ့အတွက် စတော့ရှယ်ယာစျေးကွက် တည်ထောင်လို့ ဖြစ်ပါ့မလားဆိုတဲ့ တွေးခေါ်ချက်များနဲ့ ဒီလိုဝေဖန်ခြင်းဖြစ်တယ်လို့ မြင်ပါတယ်။ အားလုံးပြည့်စုံမှ ထူထောင် မယ်ဆိုရင်တော့ အားလုံးပြည်စုံတယ်ဆိုတာ မရှိပါဘူး။ ဒါကြောင့် မဖြစ်မနေ စတင်တည် ထောင်ပြီး လိုအပ်ချက်များကို ကြိုးပမ်းဖြည့်ဆည်းသွားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တည် ထောင်တယ်ဆိုတဲ့ အမြင်နဲ့ကြည့်ရင်တော့ စတော့အိပ်ချိန်း တည်ထောင်တာ မစောပါဘူး။ စတင်တည်ထောင်တာ မှန်တယ်လို့ယူဆပါတယ်။ စတော့အိပ်ချိန်းဆိုတာလည်း နိုင်ငံရဲ့

စီးပွားတိုးတက်မှုမှာ မဖြစ်မနေလိုအပ်တဲ့ ယန္တရားတစ်ရပ်ဖြစ်တဲ့အတွက် တည်ထောင်ဖို့ လိုအပ်တဲ့ကိစ္စ ဖြစ်ပါတယ်။ တချို့နိုင်ငံတွေမှာ ကြည့်မယ်ဆိုရင် လွတ်လပ်ရေးရပြီး ၄၊ ၅ နှစ်လောက်မှာ တည်ထောင်ခဲ့ကြပါတယ်။ ကမ္ဘာတစ်ဝန်းက ချမ်းသာတဲ့နိုင်ငံတွေကို ကြည့်မယ်ဆိုရင်လည်း အများစုဟာ စတော့အိပ်ချိန်းရှိတဲ့ နိုင်ငံတွေပဲဖြစ်ပါတယ်။ ဒါကြောင့် စောပါတယ်လို့ပြောတဲ့ ကိစ္စအပေါ်သုံးသပ်ရရင် မစောပါဘူး၊ နောက်တောင်ကျနေတယ် လို့ပြောချင်ပါတယ်။ ငွေဖြုန်းတီးတယ်ဆိုတဲ့ အမြင်အပေါ်မှာပြောရရင် ကျွန်တော့်အမြင် ကတော့ ဖြုန်းတီးတယ်ဆိုတာက ရည်မှန်းချက်တစ်ခုမရှိဘဲနဲ့ ကာယအား၊ ဉာဏအား၊ ငွေအားတွေကိုသုံးတယ်ဆိုရင်တော့ ဖြုန်းတယ်လို့ဆိုရမှာပါ။ စတော့အိပ်ချိန်း တည် ထောင်တယ်ဆိုတဲ့ကိစ္စမှာတော့ ရည်မှန်းချက် တိတိကျကျရှိပါတယ်။ နိုင်ငံအတွက် လိုအပ်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ယန္တရားတစ်ခု တည်ထောင်ဖို့ ရည်မှန်းချက် တစ်ခုနဲ့လုပ်တဲ့အတွက် ဖြုန်းတယ်လို့ မယူဆပါဘူး။ ရင်းနှီးမြှုပ်နှံမှု လုပ်တယ်လို့ပဲ ယူဆပါ တယ်ခင်ဗျ။

စတော့ရှယ်ယာဈေးကွက် အောင်မြင်ဖို့အတွက် အလားအလာကောင်းတွေ ရှိသလို စိန်ခေါ်မှုတွေလည်းရှိပါတယ်။ အလားအလာကောင်းဘက်ကကြည့်ရင် ကျွန်တော်တို့ နိုင်ငံရဲ့ စီးပွားရေးကဏ္ဍအသီးသီးမှာ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းကောင်းတွေ များစွာရှိ ပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ တည် ထောင်ထားတာလည်း (၁၀၀) ကျော်ရှိပါတယ်။

အဲဒီကုမ္ပဏီ (၁၀၀) ကျော်ထဲမှာ စတော့ရှယ်ယာဈေးကွက်ဝင်ဖို့ အလားအလာ ကောင်းတဲ့ကုမ္ပဏီက ကျွန်တော်တို့ လေ့လာမှုအရ (၄၀) လောက်ရှိပါတယ်။ ဒီ (၄၀) ထဲ မှာ (၂၀) လောက်က စာရင်းဝင်ဖို့ စိတ်ဝင်တစား လုပ်နေကြပါတယ်။ အဲဒီထဲက (၁၀) ခု လောက်က စတော့အိပ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီဖြစ်ဖို့ တော်တော်လေး ခရီးရောက်နေ တာတွေ့ရပါတယ်။ အခုလောလောဆယ်မှာ (၂) ခုလောက်က စာရင်းဝင်ကုမ္ပဏီဖြစ်ဖို့ အတွက် ဆောင်ရွက်ဆဲ (under the process) အနေနဲ့ရှိနေပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ စာရင်းဝင်ကုမ္ပဏီ (၁၀) ခုလောက်ရှိမယ်လို့ မှန်းထားပါတယ်။

စိန်ခေါ်မှုပိုင်းမှာဆိုရင်တော့ ကျွန်တော်တို့နိုင်ငံမှာ စတော့ရှယ်ယာ ဈေးကွက် ဗဟုသုတဟာ အများပြည်သူနဲ့ အလှမ်းဝေးခဲ့ပါတယ်။ အစုရှယ်ယာထုတ်တဲ့ ကုမ္ပဏီ တွေဘက်က ကြည့်မယ်ဆိုရင်လည်း အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီတွေမှာ ကော်ပိုရိတ်

စီမံခန့်ခွဲမှု (Corporate Governance) က အားနည်းပါတယ်။ အဲဒီအတွက် ကော်ပိုရိတ် စီမံခန့်ခွဲမှု အားကောင်းစေရေးအတွက် ပညာပေးအစီအစဉ်များ အထူးလိုအပ်လျက်ရှိပါတယ်။ ရင်းနှီးမြှုပ်နှံသူ (အများပြည်သူ) ဘက်ကကြည့်မယ်ဆိုရင်လည်း ဒီဈေးကွက်မှာ ဘယ်လိုရင်းနှီးမြှုပ်နှံရမလဲ၊ ဘယ်ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံရမလဲ၊ ဘယ်အချိန်မှာ အစုရှယ်ယာတွေကို ဝယ်ရမလဲ၊ ရောင်းရမလဲ၊ ဝယ်မယ်ရောင်းမယ်ဆိုရင် ဘယ်အချက်အလက် တွေပေါ်အခြေပြုပြီး ဘယ်လိုဆုံးဖြတ်ချက်တွေ ချရမလဲဆိုတဲ့ အချက်အလက်တွေနဲ့ ပတ်သက်ပြီး အတွေ့အကြုံ ဗဟုသုတ အလုမ်းဝေးခဲ့ပါတယ်။ ရင်းနှီးမြှုပ်နှံသူများ အတွက်လည်း ပညာပေးအစီအစဉ်များ လိုအပ်ပါတယ်။ အဲ့ဒါကြောင့် နှစ်ဖက်စလုံး အတွက် ပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်။ ဒါက စိန်ခေါ်မှုတွေကို ကျော်လွှားဖို့အတွက် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

**ဦးမောင်မောင်ဝင်း။** ခုနက စောနေတယ်ဆိုတဲ့အပိုင်းနဲ့ ပတ်သက်လို့ ဖြည့်စွက်ဆွေးနွေးချင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အရင်းအနှီးဈေးကွက်ကို စတင်တည်ထောင်ဖို့ ကြိုးစားတာ ၁၉၉၆ ခုနှစ်လောက်ကတည်းက ကြိုးစားခဲ့တာပါ။ ၁၉၉၆ ခုနှစ် လောက်တုန်းက မြန်မာနိုင်ငံမှာ စီးပွားရေးကလည်း အထိုက်အလျောက် ကောင်းမွန် ခဲ့တဲ့အချိန်ဖြစ်ပြီး စတော့အိပ်ချိန်းတည်ထောင်ဖို့ ဆောင်ရွက်ခဲ့ပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာသွားခဲ့ရတဲ့ အခြေအနေများနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ဒ့ါအပြင် ၂၀၀၃ ခုနှစ်မှာ ဘဏ်အကြပ် အတည်းတွေနဲ့ ကြုံတွေ့ခဲ့ရပြီး အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးရေးအတွက် ရပ်ဆိုင်းလုနီးပါး ဖြစ်ခဲ့ပါတယ်။ ၂၀၁၅ ခုနှစ်မှာ ကြိုးပမ်းတဲ့လုပ်ငန်းတွေကျမှ ရန်ကုန် စတော့အိပ်ချိန်း ပီပီပြင်ပြင် ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ ဒါကြောင့် နောက်တောင်ကျနေ တယ်လို့ ပြောချင်ပါတယ်။ အာဆီယံနိုင်ငံတွေထဲမှာလည်း တည်ထောင်ဖို့ မလိုတဲ့ ဘရူးနိုင်း နိုင်ငံကလွဲ ရင် ကျွန်တော်တို့က နောက်ဆုံးဖြစ်နေပါတယ်။

**ဦးဌေးချွန်။** ကျွန်တော်တို့နိုင်ငံမှာ စတော့အိပ်ချိန်းတည်ထောင်ဖို့အတွက် ၁၉၉၆ ခုနှစ် လောက်ကတည်းက စတင်ကြိုးစားခဲ့တာပါ။ ဗီယက်နမ်ဆိုရင် ၂၀၀၀ ပြည့်နှစ်မှာ စတင်တည်ထောင်ခဲ့တယ်။ ဥပဒေတောင်မရှိသေးဘဲနဲ့ သမ္မတရုံးရဲ့အမိန့်ဒီကရီနဲ့ မဖြစ်ဖြစ်အောင် စတင်ဆောင်ရွက်ခဲ့တာ အခုဆိုရင်အောင်မြင်တဲ့ အစုရှယ်ယာဈေးကွက်တစ်ခု ဖြစ်နေတာကို မြင်ရပါတယ်။

**အစီအစဉ်မှူး။ ရန်ကုန်စတော့အိပ်ချိန်းရဲ့ လက်ရှိအခြေအနေကို ရှင်းပြပေးပါ။ ရန်ကုန်စတော့အိပ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီများ တိုးတက်လာမှု အနေအထားကိုလည်း ပြောပြပေးပါ။**

**ဦးဝင်းနိုင်ဦး။** နိုင်ငံတစ်ခု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ကာလရှည် ငွေကြေးအရင်းအမြစ်တွေကို စုဆောင်းပေးတဲ့ အရင်းအနှီးဈေးကွက်ဆိုတာ အင်မတန်အရေးကြီးပါတယ်။ ဒီလိုအရေးကြီးတဲ့ အရင်းအနှီးဈေးကွက်ကို ဖော်ဆောင်ပေးဖို့ဆိုရင် စတော့အိပ်ချိန်းဟာ မရှိမဖြစ် လိုအပ်ပါတယ်။ ဒါကြောင့် အရင်းအနှီးဈေးကွက် ဖြစ်ထွန်းပေါ်ပေါက်လာဖို့အတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှာ ရန်ကုန်စတော့အိပ်ချိန်းကို စတင်ဖွင့်လှစ်ခဲ့ပါတယ်။

၂၀၁၆ ခုနှစ်မတ်လမှာ စာရင်းဝင်ကုမ္ပဏီတွေကိုလက်ခံပြီးတော့ စတော့ရှယ်ယာအရောင်းအဝယ်တွေကို စတင်လုပ်ဆောင်ခဲ့ပါတယ်။ ပထမဆုံးကျွန်တော်တို့က စာရင်းဝင်ကုမ္ပဏီတစ်ခုနဲ့ စတင်လုပ်ဆောင်ပါတယ်။ အခုဆိုရင် စာရင်းဝင်ကုမ္ပဏီ (၅) ခုရှိပြီးတော့ စာရင်းဝင်ကုမ္ပဏီတွေရဲ့ အစုရှယ်ယာတွေကို စတော့အိပ်ချိန်းမှာ အရောင်းအဝယ်ပြုလုပ်ပေးနေပါပြီ။ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လမှာ စာရင်းဝင်ကုမ္ပဏီ (၅) ခုရဲ့ဈေးကွက်တန်ဖိုး (Market Capitalization) ဟာဆိုရင် ငွေကျပ် (၅၈၅) ဘီလီယံ ရှိပါတယ်။ စတင်ဖွင့်လှစ်တဲ့ကာလကစပြီး ၂၀၁၈ ခုနှစ်၊ ဩဂုတ်လထိ အရောင်းအဝယ်ဖြစ်ခဲ့တဲ့ ရှယ်ယာပေါင်းက (၈.၇) သန်းရှိပြီး တန်ဖိုးအားဖြင့် ကျပ် (၁၁၂) ဘီလီယံလောက်ရှိပါတယ်။ တစ်နေ့ကို ပျမ်းမျှ ကျပ်သန်း (၅၀) လောက် အရောင်းအဝယ်ဖြစ်ပါတယ်။ ဒီပမာဏကိုကြည့်မယ်ဆိုရင် ပုံမှန်အနေအထားရှိနေပြီးတော့ ထွန်းသစ်စဖြစ်တဲ့ ဈေးကွက်တစ်ခုအနေနဲ့ဆိုရင် တိုးတက်မှုရှိတယ်လို့ ပြောရမှာဖြစ်ပါတယ်။

သို့သော်လည်း ကျွန်တော်တို့က ကျေနပ်နေလို့မရပါဘူး။ ဆက်ပြီး အောင်မြင်အောင်ကြိုးစားဖို့လိုအပ်တယ်လို့ ပြောချင်ပါတယ်။နောက်တစ်ခုကလည်း မြန်မာနိုင်ငံမှာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (၃၃၀) ခန့်ရှိပါတယ်။ ဒီ (၃၃၀) ခန့်က အခုဆိုရင် စာရင်းဝင်ကုမ္ပဏီတွေဖြစ်ဖို့ ကြိုးစားနေကြတာတွေရှိတယ်။ တချို့ဆိုရင်ဆက်သွယ်ပြီးတော့ စာရင်းဝင်ကုမ္ပဏီဖြစ်ဖို့ လိုအပ်ချက်တွေကို ဆောင်ရွက်နေတာတွေတွေ့ရတော့ ဈေးကွက်ရဲ့ အလားအလာကကောင်းမွန်တယ်လို့ သုံးသပ်တင်ပြလိုပါတယ်။

**အစီအစဉ်မှူး။ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွေရဲ့ အခန်းကဏ္ဍနဲ့ ဈေးကွက်ဖွံ့ဖြိုးတိုးတက်စေဖို့ ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာကို ပြည်သူတွေသိအောင် ရှင်းပြပေးပါ။**

**ဒေါ်ယဉ်မြတ်မင်း။** မြန်မာနိုင်ငံမှာ အရင်းအနှီးဈေးကွက် ပေါ်ပေါက်ဖို့အတွက် ၁၉၉၆ ခုနှစ်ကတည်းက MSEC ကိုဖွင့်လှစ်ခဲ့ပါတယ်။ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အရင်ကတော့ ဘဏ္ဍာရေးဝန်ကြီးဌာန (ယခု - စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့နဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ ဈေးကွက်ကြီးတစ်ခုလုံးကို ကြီးကြပ်တဲ့ အဖွဲ့အစည်း (Regulator) ဖြစ်တဲ့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (Securities and Exchange Commission of Myanmar -SECM) ကို ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ်မှာတော့ ရန်ကုန်စတော့အိပ်ချိန်း (Yangon Stock Exchange -YSX) ကို ဖွဲ့စည်းခဲ့ပါတယ်။ ကျွန်မတို့ MSEC ကတော့ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company) တစ်ခုအနေနဲ့ ဆက်လက်ရပ်တည်လျက်ရှိပါတယ်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company) တစ်ခုဟာငွေချေးသက်သေခံလက်မှတ်လုပ်ငန်း (Securities Business) ကို လုပ်ကိုင်ဖို့ဆိုရင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) မှာ လိုင်စင်လျှောက်ထားဖို့လိုပါတယ်။ နောက်တစ်ခုက ရန်ကုန်စတော့အိပ်ချိန်းမှာ စတော့ရှယ်ယာတွေ ရောင်းဝယ်ဖို့ဆိုရင် ရန်ကုန်စတော့အိပ်ချိန်းရဲ့ Trading Participants (ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ) အဖြစ်လျှောက်ထား ရယူဖို့လိုပါတယ်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company) ရဲ့ အခန်းကဏ္ဍကို နှစ်ပိုင်းပြောချင်ပါတယ်။ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံသူတွေ (Investors) ကို ဆောင်ရွက်ပေးတဲ့အပိုင်းနဲ့ နောက်တစ်ပိုင်းက စတော့ရှယ်ယာထုတ်ဝေရောင်းချတဲ့ကုမ္ပဏီ (Issuer) တွေအတွက် ဆောင်ရွက်ပေးတဲ့အပိုင်း ဖြစ်ပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေက စတော့ရှယ်ယာတွေကို ရောင်းချင်ဝယ်ချင်တယ်ဆိုရင် သူကိုယ်တိုင် စတော့အိပ်ချိန်းကိုသွားပြီး ရောင်းလို့ဝယ်လို့မရပါဘူး။ စတော့အိပ်ချိန်းနဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ကြားမှာ ကြားခံအဖွဲ့အစည်းအနေနဲ့ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီက စတော့ရှယ်ယာတွေကို ရောင်းဝယ်ဆောင်ရွက်ပေးပါတယ်။ ရောင်းသူတွေကိုလည်း ရောင်းရတဲ့ငွေတွေကို သူတို့ဘဏ်စာရင်းထဲရောက်တဲ့အထိ ဆောင်ရွက်ပေးပါတယ်။

ဝယ်တဲ့သူတွေကိုလည်း သူတို့ရှယ်ယာတွေကို သူတို့ငွေချေး သက်သေခံလက်မှတ်စာရင်း (Securities Account)ထဲကို ရောက်အောင်ဆောင်ရွက်ပေးပါတယ်။

စတော့ရှယ်ယာ ထုတ်ဝေရောင်းချတဲ့ ကုမ္ပဏီ (Issuer) တွေ အပိုင်းကျတော့ ကုမ္ပဏီတွေက စာရင်းဝင်ဖို့လုပ်မယ်ဆိုရင် ပထမအနေနဲ့ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ အရ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Public Company) တွေဖြစ်ရပါမယ်။ စာရင်းဝင်ဖို့ ဆိုရင် ကြိုတင်ပြင်ဆင်မှုတွေ အများကြီးလုပ်ရပါတယ်။ စာရင်းဝင်တဲ့အခါမှာ လိုအပ်တဲ့ ပြင်ဆင်မှုတွေနဲ့ ဆောင်ရွက်ရမှာတွေကို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီက ဝန်ဆောင်မှုပေးပါတယ်။

ဈေးကွက်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် စတော့ရှယ်ယာတွေကို ရောင်းချမယ့်ကုမ္ပဏီနဲ့ ရင်းနှီးမြှုပ်နှံသူတွေ အများကြီး ဈေးကွက်ကိုပါဝင်လာဖို့လိုပါတယ်။ ရင်းနှီးမြှုပ်နှံသူတွေ ဘယ်လိုပါဝင်လာအောင်လုပ်မလဲဆိုရင် ကျွန်မတို့က အရင်းအနှီးဈေးကွက်နဲ့ ပတ်သက်တဲ့ အသိပညာပေးလုပ်ငန်းအစီအစဉ် (Awareness) တွေ ဆောင်ရွက်ပေးရမယ်။ စတော့ ရှယ်ယာဆိုတာဘာလဲ။ စတော့ရှယ်ယာကို ရင်းနှီးမြှုပ်နှံရင် ဘယ်လိုမျိုးတွေ ဆောင်ရွက် ရမယ် ဆိုတာတွေဖြစ်ပါတယ်။ Online Trading တွေကိုလည်း ခွင့်ပြုပြီးပြီဆိုတော့ Online Trading ကိုဘယ်လို ဆောင်ရွက်ရလဲဆိုတာတွေကို ဆွေးနွေးပွဲတွေ ကျင်းပပြီး ရှင်းလင်းပြသပေးဖို့လိုပါတယ်။

ရင်းနှီးမြှုပ်နှံသူတွေကို အသိပညာပေးအစီအစဉ် (Investor Education) အနေနဲ့ ရန်ကုန်၊ မန္တလေးမြို့ကြီးအပြင် အခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေမှာရှိတဲ့ မြို့ကြီး တွေကိုလည်း ဆွေးနွေးပွဲတွေ သွားရောက်လုပ်ဆောင်ပါတယ်။ သူတို့သိရှိဖို့ လိုအပ်တဲ့ စာရွက်စာတမ်းတွေကိုလည်း ဝေငှပေးတယ်။ ဒီလိုနည်းတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေ တိုးပွား လာအောင် ဆောင်ရွက်လျက်ရှိပါတယ်။ ကုမ္ပဏီတွေအနေနဲ့လည်း စတော့အိပ်ချိန်းမှာ စာရင်းဝင်ပြီး စတော့ရှယ်ယာတွေရောင်းချဖို့ စိတ်ဝင်စားတဲ့ ပုဂ္ဂလိကကုမ္ပဏီတွေ (Private Company) လည်းရှိပါတယ်။ ဒါပေမဲ့ ဘယ်လိုလုပ်ရမယ်ဆိုတာ မသိကြဘူး။ ပုဂ္ဂလိကကုမ္ပဏီတွေ (Private Company) အနေနဲ့ ပထမဆုံး အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (Public Company) အဖြစ်ကို ပြောင်းရပါတယ်။ အဲဒါက မဖြစ်မနေဆောင်ရွက် ရမယ့် အချက်ဖြစ်ပါတယ်။ လက်ရှိ စာရင်းဝင်ကုမ္ပဏီ ငါးခုမှာ ဆိုရင် လေးခုက စတော့ အိပ်ချိန်းမပေါ်ခင် ကတည်းက စတော့ရှယ်ယာတွေကို ရောင်းပြီးသား ကုမ္ပဏီတွေဖြစ်ပါ

တယ်။ စတော့အိပ်ချိန်း ပေါ်လာတဲ့အခါမှာ သူတို့ရဲ့ ရှယ်ယာတွေကို ထပ်ပြီးမရောင်းတော့ဘဲ ရောင်းပြီးသားရှယ်ယာတွေနဲ့ ရန်ကုန်စတော့အိပ်ချိန်းမှာ စာရင်းဝင်လိုက်တာဖြစ်ပါတယ်။ လိုအပ်တဲ့ စာရွက်စာတမ်းတွေကိုလည်း ဝေငှပေးတယ်။ ဒီလိုနည်းတွေနဲ့ ရင်းနှီးမြှုပ်နှံသူတွေ တိုးပွားလာအောင် ဆောင်ရွက်လျက်ရှိပါတယ်။ ကုမ္ပဏီတွေအနေနဲ့ စတော့အိပ်ချိန်းမှာ စာရင်းဝင်ပြီး စတော့ရှယ်ယာတွေရောင်းချဖို့ စိတ်ဝင်စားတဲ့ ပုဂ္ဂလိက ကုမ္ပဏီတွေ (Private Company) လည်းရှိပါတယ်။ ဒါပေမဲ့ ဘယ်လိုလုပ်ရမယ်ဆိုတာ မသိကြဘူး၊ ပုဂ္ဂလိကကုမ္ပဏီတွေ (Private Company) အနေနဲ့ ပထမဆုံး အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Public Company) အဖြစ်ကို ပြောင်းရပါတယ်။ အဲဒါက မဖြစ်မနေဆောင်ရွက်ရမယ့် အချက်ဖြစ်ပါတယ်။ လက်ရှိ စာရင်းဝင်ကုမ္ပဏီ (၅)ခုမှာဆိုရင် (၄)ခုက စတော့အိပ်ချိန်း မပေါ်ခင်ကတည်းက စတော့ရှယ်ယာတွေကို ရောင်းပြီးသားကုမ္ပဏီတွေ ဖြစ်ပါတယ်။ စတော့အိပ်ချိန်းပေါ်လာတဲ့အခါမှာ သူတို့ရဲ့ရှယ်ယာတွေကို ထပ်ပြီးမရောင်းတော့ဘဲ ရောင်းပြီးသားရှယ်ယာတွေနဲ့ ရန်ကုန်စတော့အိပ်ချိန်းမှာ စာရင်းဝင်လိုက်တာဖြစ်ပါတယ်။

နောက်ဆုံးစာရင်းဝင်ခဲ့တဲ့ TMH က ရန်ကုန်စတော့အိပ်ချိန်း မပေါ်ခင်မှာ ပုဂ္ဂလိက ကုမ္ပဏီဖြစ်ပြီး စာရင်းဝင်ချင်တဲ့ဆန္ဒရှိတဲ့အတွက် ပုဂ္ဂလိကကုမ္ပဏီ (Private Company) ကနေ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Public Company) အဖြစ်ပြောင်းလဲခဲ့ပါတယ်၊ လိုအပ်တဲ့စာရင်းဝင် လုပ်ငန်းစဉ်တွေကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်မတို့လို ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွေက ကုမ္ပဏီတွေ စာရင်းဝင်ကုမ္ပဏီဖြစ်လာဖို့ လိုအပ်တဲ့ အကြံဉာဏ်တွေနှင့် အထောက်အကူတွေကို ဝန်ဆောင်မှုပေးပါတယ်။

**အစီအစဉ်မှူး။ ။ စာရင်းဝင်ရခြင်းရဲ့ရည်ရွယ်ချက်၊ စာရင်းဝင်ကုမ္ပဏီဖြစ်လာဖို့အတွက် ကြိုးပမ်းဆောင်ရွက်ရတာတွေနဲ့ စာရင်းဝင်ကုမ္ပဏီဖြစ်လာခြင်းဖြင့် ဘယ်လိုအကျိုးကျေးဇူးတွေ ရှိလာမယ်ဆိုတာ ပြောပြပေးပါ။**

**ဒေါက်တာနန်းလဲ့ရည်စိုး။** ။ စာရင်းဝင်ရတဲ့ ရည်ရွယ်ချက်ကတော့ လုပ်ငန်းတိုးချဲ့တဲ့ အချိန်မှာ ရန်ကုန်စတော့အိပ်ချိန်းကနေတစ်ဆင့် အရင်းအနှီးတွေ စုဆောင်းရရှိနိုင်ဖို့၊ ရန်ကုန်စတော့အိပ်ချိန်းမှာ စာရင်းဝင်အဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ဖို့၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေနဲ့ စီးပွားရေးမိတ်ဖက်တွေကို စာရင်းဝင်ကုမ္ပဏီအဖြစ် ဆွဲဆောင်နိုင်ဖို့ အတွက် ရည်ရွယ်ပြီး စာရင်းဝင်ခဲ့တာဖြစ်ပါတယ်။ စာရင်းဝင်ဖို့အတွက် လုပ်ငန်းစဉ်တွေ

အနေနဲ့ ၂၀၀၇ ခုနှစ်မှာ ပုဂ္ဂလိကကုမ္ပဏီအဖြစ် တည်ထောင်ခဲ့ပါတယ်။ ဒါကြောင့် ပထမအနေနဲ့ ကျွန်မတို့က အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ်သို့ ပြောင်းရပါတယ်။ အခွန်ရှင်းလင်းတာတွေလည်း ဆောင်ရွက်ရပါတယ်။ မိမိတို့ကုမ္ပဏီအပေါ် ရင်းနှီးမြှုပ်နှံသူတွေ ယုံကြည်မှုရှိစေဖို့အတွက် ကော်ပိုရိတ်စီမံခန့်ခွဲမှုတွေ ပိုမိုကောင်းမွန်အောင် စီမံရပါတယ်။

နောက်တစ်ခုက လုပ်ငန်းအလားအလာ ညွှန်းတမ်းပေ့ါ။ လုပ်ငန်းအလားအလာ ညွှန်းတမ်းဆိုတာက ကုမ္ပဏီရဲ့ အသေးစိတ်အချက်အလက်တွေ၊ ဘဏ္ဍာရေးအချက် အလက်တွေ၊ ကုမ္ပဏီရဲ့ အလားအလာဖြစ်နိုင်တဲ့ လုပ်ငန်းတွေကို ထည့်သွင်းရေးသား ထားတဲ့ညွှန်းတမ်း ဖြစ်ပါတယ်။ အဲဒီညွှန်းတမ်းပြင်ဆင်ပြီးတော့ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (SECM) ကို တင်ပြရပါတယ်။ SECM သို့တင်ပြပြီး ခွင့်ပြုချက်ရတဲ့အခါမှာ အများပြည်သူထံ အစုရှယ်ယာကမ်းလှမ်းဖို့အတွက် ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီဖြစ်တဲ့ MSEC နဲ့ပူးပေါင်းပြီး ကနဦး အစုရှယ်ယာကမ်းလှမ်းခြင်းဆိုင်ရာ မိတ်ဆက်ပွဲတွေကို ရန်ကုန်၊ တောင်ကြီး၊ မန္တလေး၊ လားရှိုး၊ မြစ်ကြီးနားမြို့တွေမှာ ကျင်းပ ပါတယ်။ တကယ်ထိရောက်မှုလည်းရှိပါတယ်။ အဲဒီမှာရင်းနှီးမြှုပ်နှံသူတွေ လာရောက်ပြီး ငွေချေးသက်သေခံလက်မှတ်စာရင်း (Securities Account) ကို တစ်ခါတည်း ဖွင့်သွားပြီး အဝယ်အမှာလွှာတွေတင်သွားကြပါတယ်။ ကျွန်မတို့ကုမ္ပဏီကစာရင်းဝင်ပြီး အားသာချက်တွေ အများကြီးရှိပါတယ်။ ပိုပြီးသိသာတာက ကော်ပိုရိတ်စီမံခန့်ခွဲမှု ပိုပြီး အားကောင်းလာတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ အနေနဲ့လည်း ကျွန်မတို့ကုမ္ပဏီနှင့် ပူးပေါင်းဖို့ ကမ်းလှမ်း တာတွေပိုများလာတယ်။ ဒီအပြင်ယုံကြည်မှုလည်း ပိုများလာတယ်။

**အစီအစဉ်မှူး။ ။ဆွေးနွေးပွဲ ပထမပိုင်း အချုပ်အနေနဲ့ အားလုံးရဲ့ ကိုယ်စား ဒုတိယဝန်ကြီးက အရင်းအနှီးဈေးကွက် အခန်းကဏ္ဍ သုံးသပ်ချက်လေးကို ပြောပြ ပေးပါ။**

ဦးမောင်မောင်ဝင်း။ ။ အရင်းအနှီးဈေးကွက်တစ်ခု ကောင်းစွာလည်ပတ် ဖွံ့ဖြိုးနေဖို့ အတွက် နည်းစနစ်ကို အတိုကောက်အားဖြင့် 4I လို့ မှတ်လို့ရပါတယ်။ 4I ဆို တာက ပထမဆုံး I က အစုရှယ်ယာ ထုတ်ဝေတဲ့ကုမ္ပဏီ (Issuer) တွေ ရှိရမယ်။ Issuer တွေ ဆိုတာ အရင်းအနှီးလိုတဲ့ ကုမ္ပဏီတွေက အများပြည်သူထံမှ အစုရှယ်ယာတွေ ဖိတ်ခေါ်ပြီး သူတို့ရဲ့အရင်းအနှီးတွေကို စီးပွားရေးလုပ်ငန်းတွေမှာ သုံးစွဲပေးတဲ့သူတွေပါ။ ဒုတိယ I ကတော့ ရင်းနှီးမြှုပ်နှံသူ (Investor) ပါ။ ဒါက ငွေပိုငွေလျှံရှိပြီး စိတ်ဝင်စားတဲ့ ကုမ္ပဏီကို လိုက်ရှာ၍ သူ့ရဲ့ငွေကိုရင်းနှီးမြှုပ်နှံတဲ့သူ ဖြစ်ပါတယ်။ တတိယ I က အခြေခံ

အဆောက်အဦ (Infrastructure) ရှိရပါမယ်။ အခြေခံအဆောက်အဦဆိုရင် ရန်ကုန်စတော့ အိပ်ချိန်း လုပ်ပေးထားတယ်။ အွန်လိုင်းက ရောင်းဖို့ဝယ်ဖို့ လုပ်ပေးထားတာတွေ၊ ဈေးကွက်ကြီး တစ်ခုလုံးကို ထိန်းကျောင်းတည့်မတ်ပေးမယ့် ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကိုလည်း ဥပဒေနဲ့အညီ ဖွဲ့စည်းထားပါတယ်။ စတုတ္ထ I ကတော့ Intermediary လို့ခေါ်တဲ့ ကြားခံအဖွဲ့အစည်းတွေပေါ့။ ကြားခံအဖွဲ့ အစည်းဆိုတာ Securities Company တွေဖြစ်ပါတယ်။ (၆) ခုအထိ ခွင့်ပြုပြီး ဖြစ်ပါ တယ်။ ကျွန်တော်တို့အနေနဲ့ ဖွံ့ဖြိုးဖို့အတွက် အရှိန်စတင်ယူပြီး ကြိုးပမ်းနေတဲ့အချိန်လို့ ပြောလို့ရပါတယ်။ တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးတိုးတက်တာနဲ့အတူ ကျွန်တော်တို့ရဲ့ အရင်းအနှီး ဈေးကွက်ကလည်း ပိုပြီး တိုးတက်လာလိမ့်မယ်။ နိုင်ငံတကာနဲ့ ရင်ဘောင်တန်းနိုင်လာ လိမ့်မယ်လို့ မျှော်မှန်းပါတယ်။

**************************************

**အစီအစဉ်မှူး။ ။ ဒုတိယဝန်ကြီးအနေနဲ့ အရင်းအနှီးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးမှာ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရဲ့ အခန်းကဏ္ဍကို ပြောပြပေးပါ။**

**ဒုတိယဝန်ကြီး။** ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ကို ဥပဒေနဲ့ အညီ ဖွဲ့စည်းထားပါတယ်။ ဈေးကွက်ဖွံ့ဖြိုးတိုးတက်စ အခြေအနေဖြစ်တဲ့အတွက် ကော်မရှင်က ကြီးကြပ်ကွပ်ကဲသူနဲ့ ဈေးကွက်ကို ထိန်းကျောင်းသူ နေရာကနေ ရပ်တည်ပြီး ဆောင်ရွက်ပေးပါတယ်။ ယခုအခါ ဈေးကွက်ဖွံ့ဖြိုးတိုးတက်စ အခြေအနေဖြစ်တဲ့အတွက် ဈေးကွက်ဖွံ့ဖြိုးတိုးတက်လာဖို့ SECM က ဦးဆောင်ပြီး ကြိုးပမ်းဆောင်ရွက်နေရတဲ့ အနေအထားမှာ ရှိပါတယ်။

ဒါကြောင့် SECM က ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ ဈေးကွက်မှာပါဝင်တဲ့ သူတွေကို ကြီးကြပ်ကွပ်ကဲ ပါတယ်။ ကြီးကြပ်ကွပ်ကဲဖို့အတွက် လိုအပ်တဲ့ အမိန့်ကြော်ငြာစာတွေ၊ ညွှန်ကြားချက်တွေ၊ စည်းမျဉ်းစည်းကမ်းတွေ ထုတ်ပြန်ပေးပါတယ်။

ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွေကိုလည်း သွားရောက်စစ်ဆေးပါတယ်။ သူတို့ဆီက အစီအရင်ခံစာတွေတောင်းပြီး စိစစ်ပါတယ်။ ဒါ့အပြင် ရန်ကုန်စတော့ အိပ်ချိန်းကိုလည်း ကြီးကြပ်ရပါတယ်။ YSX ရဲ့ စာရင်းတွေကိုလည်း တောင်းပါတယ်။ အဲ့ဒီလုပ်ငန်းတွေလုပ်တာက ကြီးကြပ်ကွပ်ကဲသူ (Supervisor)အနေနဲ့ ဆောင်ရွက်ချက်

များကို ပြောတာဖြစ်ပါတယ်။ စည်းမျဉ်းစည်းကမ်း ရေးဆွဲထုတ်ပြန်သူ (Regulator) အနေနဲ့ ကတော့ ဥပဒေတွေကို ပြင်ဖို့လိုလာရင်လည်း အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့တင်ပြပြီး ပြင်ရမယ့် အချိန်ကျရင်၊ ပြင်နိုင်အောင်လို့ ဆောင်ရွက်ပါတယ်။ စည်းမျဉ်းအသစ်တွေ ထုတ်ဖို့ လိုအပ်လာရင်လည်း စည်းမျဉ်းအသစ်တွေ ထုတ်ဖို့ကို Regulator အနေနဲ့ စောင့်ကြည့် ဆောင်ရွက်ရမယ့် တာဝန်များ ရှိပါတယ်။

ဈေးကွက်မဖွံ့ဖြိုးသေးတဲ့ အခြေအနေဖြစ်တဲ့အတွက် လွယ်ကူချောမွေ့စေရေး အတွက်ကိုလည်း ဆောင်ရွက်ပေးရတယ်။ အရင်းအနှီး လိုအပ်တဲ့အတွက် အစုရှယ်ယာ ထုတ်ချင်တဲ့သူတွေ၊ ရှယ်ယာရောင်းချင်တဲ့သူတွေ အဆင်ပြေအောင် ဖန်တီးပေးရပါတယ်။ ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေ ရင်းနှီးမြှုပ်နှံနိုင်ရန်အတွက် ဖန်တီးပေးရပါတယ်။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ထားတဲ့ သူတွေအတွက်လည်း လုံခြုံစိတ်ချရမှုရှိအောင် ကာကွယ်ပေးရပါတယ်။ ဒီဈေးကွက်ကြီး ချောမွေ့နေအောင်၊ ဈေးကွက်ကြီး ဖွံ့ဖြိုးလာအောင် မသိသေးတဲ့ ပြည်သူတွေကို အသိပညာပေး အစီအစဉ်တွေ လုပ်ရပါတယ်။

**အစီအစဉ်မှူး။** ။မြန်မာနိုင်ငံအပါအဝင် အခြားအိမ်နီးချင်းနိုင်ငံတွေရဲ့ အရင်းအနှီး ဈေးကွက် အခြေအနေလေးကိုလည်း ပြောပြပေးပါ။

**ဒေါ်တင်မေဦး။** ။ကျွန်မတို့နိုင်ငံနဲ့ အနီးဆုံးထိုင်းနိုင်ငံက စတင်ဆွေးနွေးလိုပါတယ်။ ထိုင်းနိုင်ငံမှာ ၁၉၇၅ ခုနှစ် ကတည်းက စတော့အိပ်ချိန်းတည်ထောင်ခဲ့ပါတယ်။ အခုဆိုရင် ၄၃ နှစ်ခန့် ရှိပါပြီ။ ထိုင်းရဲ့စတော့အိပ်ချိန်းမှာလည်း ဈေးအတက်အကျနဲ့ ပြဿနာ ဖြစ်တာတွေ ရှိပါတယ်။ ၁၉၉၇ ခုနှစ်မှာ ဘဏ္ဍာရေးအကြပ်အတည်း (Financial Crisis) ဖြစ်ခဲ့ပါတယ်။ ထိုင်းစတော့အိပ်ချိန်းမှာ လာရောက်ရင်းနှီးမြှုပ်နှံသူတွေက စတော့အိပ်ချိန်း ကတစ်ဆင့် စတော့ရှယ်ယာတွေကို ဝယ်တယ်။ ထိုင်းစတော့အိပ်ချိန်းမှရတဲ့ ငွေအရင်း အနှီးကို ကာလရှည် Long- term Property Market မှာ ရင်းနှီးလိုက်တယ်၊ ကာလတို ရင်းနှီးငွေတွေကို ကာလရှည်ရင်းနှီးမြှုပ်နှံမှု ပြုလုပ်တဲ့အတွက် လွဲချော်ရင်းနှီးမြှုပ်နှံမှု အသွင်သဏ္ဌာန် ဖြစ်သွားခြင်းကြောင့် ဘဏ္ဍာရေးအကြပ်အတည်း ဖြစ်ခဲ့ရခြင်း ဖြစ်ပါတယ်။ အဲ့ဒီဖြစ်ရပ်များကို ပြန်လည်ထိန်းသိမ်းနိုင်ရေးအတွက် ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်နှင့် ထိုင်းနိုင်ငံ ငွေချေးသက်သေခံလက်မှတ်ကော်မရှင်စတဲ့ အဆင့်မြင့်အဖွဲ့အစည်းများက ဦးဆောင်ပြီး ထိုင်းစတော့အိပ်ချိန်းစာရင်းဝင်ကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံခန့်ခွဲမှု အားနည်းချက်များအပေါ် သုံးသပ်ပြီး Thai Institute of Directors(Thai IOD) လို့ခေါ်တဲ့

ဒါရိုက်တာတွေကို လေ့ကျင့်ပေးတဲ့ Institute ကို တည်ထောင်လိုက်တယ်၊ ဒုတိယဝန်ကြီးချုပ် ကိုယ်တိုင်ဦးဆောင်ပြီး ထိုင်းကုမ္ပဏီများ၏ ကော်ပိုရိတ်စီမံခန့်ခွဲမှု မြင့်တက်အောင် အစွမ်းကုန် ကြိုးစားတယ်။ တစ်ဖက်မှာလည်း Investor များ မှန်ကန်စွာ ရွေးချယ် ရင်းနှီးမြှုပ်နှံနိုင်အောင် Education Program ကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါတယ်။ ယခုအချိန်မှာ အာဆီယံစတော့အိပ်ချိန်းများအနက် ထိုင်းစတော့အိပ်ချိန်းသည် ရှေ့တန်းတွင် နေရာ ရနေတာကို တွေ့ရပါတယ်။ ထိုင်းစတော့အိပ်ချိန်းမှာဆိုရင် Education Progam အနေနဲ့ စနေ၊ တနင်္ဂနွေမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းသူ ကျောင်းသားတွေ လာရောက်ပြီး ကွန်ပျူတာတွေနဲ့ ကစားနိုင်အောင် ငယ်ငယ်ထဲက Securities Culture ကို တည်ထောင်ပေးထားတယ်။ ကျွန်မတို့နိုင်ငံမှာက တော်တော်လေး အလှမ်းဝေး နေတဲ့ ကွာဟချက်ရှိပါတယ်။

ကျွန်မတို့ နိုင်ငံမှာတော့ Myanmar Institute of Directors ကို ဖွဲ့စည်းထားပြီး ဖြစ်ပါတယ်။ မြန်မာနိုင်ငံကကုမ္ပဏီများကို ကော်ပိုရိတ်စီမံခန့်ခွဲမှု တိုးတက်လာစေရေး အတွက် ထိုင်း IOD နဲ့ အလားသဏ္ဍာန်တူ Myanmar Institute of Directors ဖွဲ့စည်း ခဲ့ခြင်း ဖြစ်ပါတယ်။

ဗီယက်နမ်နိုင်ငံမှာဆို ဦးဌေးချွန်ပြောသလို ၂၀၀၀ ပြည့်နှစ်ထဲက Securities Trading Center စတည်ထောင်ပါတယ်။ ဥပဒေ မပြဋ္ဌာန်းနိုင်မီ State Secu-rities Commission တည်ထောင်လိုက်တယ်။ ၂၀၀၀ ပြည့်နှစ်ကျတော့ ဟိုချီမင်း စတော့အိပ်ချိန်း တည်ထောင်ခဲ့တယ်၊ အဲဒီလိုမျိုး တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ကြရတယ်။ ဗီယက်နမ် စတော့အိပ်ချိန်း စတည်ထောင်တဲ့အချိန်မှာ စာရင်းဝင်ကုမ္ပဏီ ၅ ခုပဲရှိခဲ့ပါတယ်။ ငွေချေး သက်သေခံလက်မှတ်ကုမ္ပဏီကလည်း ၅ ခု ခန့်သာရှိပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံလို တနင်္လာနေ့ကနေ သောကြာအထိ နေ့စဉ်အရောင်းအဝယ် တောင် မရှိဘူး။ ကျွန်မတို့က အရောင်းအဝယ် (Trading) ကို (၂) ကြိမ်နဲ့စတယ်။ အခုဆို Trading ကို (၄) ကြိမ် လုပ်နေပြီ ဖြစ်ပါတယ်။ ဗီယက်နမ်စတဲ့ အချိန်တုန်းက တစ်ပတ်ကို (၃) ရက်ပဲ အရောင်းအဝယ်လုပ်တာပါ။ သူတို့က အဲ့ဒီလို စခဲ့ရတာပါ။ အခု ကျတော့ ဗီယက်နမ်မှာ စာရင်းဝင်ကုမ္ပဏီက ၇၀၀ ကျော်ရှိပါတယ်။ သူတို့ရဲ့ အရောင်း အဝယ်ပမာဏ (Trading Volume) ကလည်း မြင့်သွား၍ ကျွန်မတို့နဲ့ ကွာသွားပါတယ်။

လာအိုက ၂၀၁၀ ပြည့်နှစ်မှာ Stock Exchange တည်ထောင်တယ်။ ကမ္ဘောဒီးယားက ၂၀၁၁ မှာ Cambodia Securities Exchange ကို တည်ထောင်ခဲ့ပါတယ်။

အခုဆိုရင် ၇ နှစ်၊ ၈ နှစ် ခန့်ရှိလာပေမယ့် စာရင်းဝင်ကုမ္ပဏီအနေနဲ့ လာအိုက (၇) ခု ပဲရှိတယ်။ကမ္ဘောဒီးယားက (၅) ခု ပဲရှိတယ်။ အခုကျွန်မတို့ကတော့ လောလော ဆယ်(၂) နှစ်ကျော် (၃) နှစ်ခန့်မှာ စာရင်းဝင်ကုမ္ပဏီ (၅) ခုရှိတယ်ဆိုတော့ အခြေအနေ မဆိုးဘူးလို့ ပြောရမှာပါ။

**ဦးဌေးချွန်။ ။အရှိန်အဟုန်နဲ့ တိုးတက်လာဖို့ လုပ်တဲ့အခါမှာ ဘယ်လိုအချက်တွေက အဓိကဆောင်ရွက်ခဲ့လို့လဲဆိုတာ ဖြည့်စွက်ပြောပြပေးပါ။**

**ဒေါ်တင်မေဦး။** ။အတိုချုပ်ပြောရရင် နိုင်ငံတော်၏သဘောထားဆန္ဒ (Willingness) အပေါ်မှာမူတည်ပါတယ်။ ဗီယက်နမ်နိုင်ငံတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို စာရင်းဝင်ကုမ္ပဏီဖြစ်စေရန် အမိန့်ဖြင့်ဆောင်ရွက်စေခဲ့တာကို တွေ့ရပါတယ်။ State Economic Enterprise (SEE) တွေကို ကော်ပိုရေးရှင်းအသွင် ပြောင်းခိုင်းပြီး စတော့အိပ်ချိန်းမှာ စာရင်းဝင်ခိုင်းတာကို တွေ့ရတယ်။

ယခုအခါ ဗီယက်နမ်မှာ စာရင်းဝင်ကုမ္ပဏီ (၇၅၀) ကျော်ရှိပါတယ်၊ စတော့အိပ်ချိန်း စစချင်းအချိန်က စာရင်းဝင်ကုမ္ပဏီ (၅) ခုသာ ရှိခဲ့ပါတယ်။ ထိုင်းနဲ့ကွာတာက ထိုင်းနိုင်ငံမှာ အထက်အဖွဲ့အစည်းတွေ အကုန်လုံးက စတော့အိပ်ချိန်း စီးပွားရေးဖွံ့ဖြိုးမှုရဲ့ အဓိက ယန္တရား (Engine of Growth) ကို ကိုင်စွဲပြီး မဖြစ်မနေ လိုအပ်သမျှကို အားလုံးပံ့ပိုး ပေးတာကို တွေ့ရပါတယ်။ အထောက်အကူပြု အဖွဲ့အစည်းများအဖြစ် Bond Market Association၊ Securities Association များကဲ့သို့ အဖွဲ့အစည်းတွေကိုလည်း ဖွဲ့စည်း ပေးခဲ့ပါတယ်။ နိုင်ငံခြားသားများ လွယ်ကူစွာ အရောင်းအဝယ် ဆောင်ရွက်နိုင်ရန် အတွက်လည်း ဖန်တီးပေးထားတာကို တွေ့ရပါတယ်။

**ဦးဌေးချွန်။** ။နိုင်ငံတစ်ခုနဲ့ တစ်ခုက အခြေအနေချင်း မတူကြပါဘူး။ ဗီယက်နမ် နိုင်ငံဆိုရင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတွေ အများကြီးရှိတယ်။ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းတွေကလည်း စာရင်းဝင်ကုမ္ပဏီတွေ ဖြစ်လာတယ်။ နဂိုထဲက နိုင်ငံပိုင်ဆိုတော့ လူတွေကလည်း ယုံကြည်ကြတယ်။ ဒီအပေါ်မှာ ရင်းနှီးမြှုပ်နှံဖို့ ဝန်မလေးတာကို တွေ့ရတယ်။

ထိုင်းကတော့ ကော်ပိုရိတ်အလေ့အထ (Corporate Culture) ကောင်းတယ်။ နိုင်ငံတကာစံနှုန်း (International Standard) နဲ့အညီဖွဲ့ထားတဲ့ ကုမ္ပဏီတွေများတယ်။

နိုင်ငံစုံကော်ပိုရေးရှင်း (Multinational Corporation) တွေများတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်တာတွေလည်း အများကြီးရှိတယ်။ သူရဲ့စီးပွားရေးက တော်တော်လေး တောင့်တင်းနေတော့ ဖွံ့ဖြိုးဖို့ဆိုတာ သိပ်ပြီးတော့ မခက်ခဲတော့ဘူး။

**အစီအစဉ်မှူး။ ။ရန်ကုန်စတော့အိပ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီမဟုတ်တဲ့ အများပိုင်ကုမ္ပဏီတွေအနေနဲ့ အများပြည်သူကို အစုရှယ်ယာကမ်းလှမ်း ရောင်းချနိုင်ပါသလား။ စာရင်းဝင်ကုမ္ပဏီတွေနဲ့ စာရင်းဝင်မဟုတ်တဲ့ ကုမ္ပဏီတွေရဲ့ကွာခြားချက်ကို ပြောပြပေးပါ။**

**ဦးငွေးချွန်။** ။အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုဟာ ရန်ကုန်စတော့အိပ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီ မဟုတ်သော်လည်း အများပြည်သူကို အစုရှယ်ယာ ဖိတ်ခေါ်ခွင့် ရှိပါတယ်။ ဒါကတော့ ကုမ္ပဏီဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားတဲ့ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတွေအတွက် ဆောင်ရွက်ခွင့်ရှိတဲ့ ကိစ္စပါပဲ။ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေမပေါ်ခင် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်မပေါ်သေးတဲ့ အချိန်ကကိစ္စဖြစ်ပါတယ်။ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတွေဟာ ကုမ္ပဏီဥပဒေအရ အလားအလာညွှန်းတမ်းပြုစု၍ ရင်းနှီးမြှုပ်နှံမှုနဲ့ ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှာ အတည်ပြုပြီး အစုရှယ်ယာ ဖိတ်ခေါ်ခွင့်ရှိခဲ့ပါတယ်။ ကျွန်တော်တို့ SECM ပေါ်လာပြီးနောက်ပိုင်းမှာ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၃၅ အရ အများနှင့်သက်ဆိုင်သောကုမ္ပဏီတွေဟာ အများပြည်သူကို အစုရှယ်ယာကမ်းလှမ်း ဖိတ်ခေါ်မယ်ဆိုရင် ကော်မရှင်ထံ အလားအလာ ညွှန်းတမ်း တင်ပြအတည်ပြုချက်ရယူရမှာ ဖြစ်ပါတယ်။ အတည်ပြုချက်ယူပြီးလျှင် ကုမ္ပဏီဥပဒေအရ ရင်းနှီးမြှုပ်နှံမှုနဲ့ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှာ မှတ်ပုံတင်ပြီး အစုရှယ်ယာ ဖိတ်ခေါ်ခွင့်ရှိပါတယ်။

ရန်ကုန်စတော့အိပ်ချိန်းမှာ စာရင်းဝင်မယ်ဆိုရင်တော့ စာရင်းဝင် "စံ" သတ်မှတ်ချက် (Listing Criteria) များနှင့် ကိုက်ညီဖို့လိုပါတယ်။ TMH Telecom Public Co., Ltd ကဲ့သို့ အများပြည်သူကို အစုရှယ်ယာဖိတ်ခေါ်မှု (Public Offering) နဲ့အတူ တစ်ပြိုင်နက်တည်း စာရင်းဝင်လို့ ရပါတယ်။ (၂) မျိုးစလုံး လုပ်လို့ရပါတယ်။ ဥပဒေ (၂) ခုနဲ့ သက်ဆိုင်ပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပါပြဋ္ဌာန်းချက်ရော ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေပါပြဋ္ဌာန်းချက် (၂) ခု စလုံးကို လိုက်နာပြီးတော့ ဆောင်ရွက်ကြရပါတယ်။

ဒုတိယမေးခွန်းက စတော့အိပ်ချိန်း စာရင်းဝင်ကုမ္ပဏီတွေနဲ့ စာရင်းဝင်မဟုတ်တဲ့ ကုမ္ပဏီတွေရဲ့ ကွာခြားချက်ကတော့ စာရင်းဝင်ကုမ္ပဏီဖြစ်ဖို့ Listing Criteria ကိုလည်း ကျော်ဖြတ်ရပါတယ်။ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတွေက တစ်ဆင့်စာရင်းဝင်ရန် လိုအပ်တဲ့အချက်အလက်တွေ စာရွက်စာတမ်းတွေနဲ့ ရန်ကုန်စတော့အိပ်ချိန်းကို တင်ပြ ရပါတယ်။ ရင်းနှီးမြှုပ်နှံသူဟာ စတော့အိပ်ချိန်းကတစ်ဆင့် စာရင်းဝင်ကုမ္ပဏီရဲ့ သတင်း အချက်အလက်တွေကို သေသေချာချာရယူနိုင်ပြီး သတင်းအချက်အလက် ပြည့်စုံစွာနဲ့ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆုံးဖြတ်နိုင်ပါတယ်။

**အစီအစဉ်မှူး။ ။ရန်ကုန်စတော့အိပ်ချိန်းဈေးကွက်မှာ စာရင်းဝင်ကုမ္ပဏီတွေ များပြားလာဖို့အတွက် ဘယ်လိုတွေလုပ်ဆောင်ရမလဲဆိုတာ ရှင်းပြပေးပါ။**

**ဦးဝင်းနိုင်ဦး။** ။စောစောကပြောတဲ့အထဲမှာလည်း တော်တော်များများပါသွားပါပြီ။ အရင်းအနှီးဈေးကွက်တစ်ခု ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အားကောင်းမောင်းသန်ရှိတဲ့ တောင့်တင်းခိုင်မာတဲ့ စာရင်းဝင်ကုမ္ပဏီတွေ ရှိဖို့က အင်မတန်မှအရေးကြီးပါတယ်။ ဒါမှလည်း အားကောင်းမောင်းသန်ရှိတဲ့ အကျိုးအမြတ်ရှိတဲ့ စာရင်းဝင်ကုမ္ပဏီတွေ များလာရင် ရင်းနှီးမြှုပ်နှံသူဘက်က ရွေးချယ်စရာ အခွင့်အလမ်းတွေ ပိုများလာမယ်၊ စိတ်ဝင်စားလာကြမယ်၊ ဈေးကွက်ဆွဲဆောင်မှုရှိလာမယ်။ ဆွဲဆောင်မှုရှိလာလျှင် ဈေးကွက်ကလည်း ကြီးထွားလာမှာ ဖြစ်ပါတယ်။ ရန်ကုန်စတော့အိပ်ချိန်းအနေနဲ့ LIST for Myanmar's Future (Listing + Investment Strategy and Timeline) အစီအစဉ်တစ်ခု ဆောင်ရွက်ထားပါတယ်။ စတော့အိပ်ချိန်းမှာ စာရင်းဝင်ကုမ္ပဏီများ တိုးပွားလာစေရေး ရည်ရွယ်ချက်နဲ့ ဆောင်ရွက်တာပါ။ ရည်ရွယ်ချက်အရ ဒီအစီအစဉ်မှာ မြန်မာ - ဂျပန် ပူးတွဲပြီး ကော်မတီတစ်ခု ဖွဲ့စည်းထားတယ်။ ကော်မတီအနေဖြင့် Special Task Force ကို ဖွဲ့စည်းထားပါတယ်။ Special Task Force ရဲ့ တာဝန်ကတော့ ဒီဈေးကွက်ထဲမှာ စာရင်းဝင်ကုမ္ပဏီတွေများလာဖို့၊ ဈေးကွက်ကျယ်ပြန့်လာဖို့အတွက် ရည်ရွယ်တာပါ။

Special Task Force က အလားအလာရှိတဲ့ ကုမ္ပဏီကြီးတွေကို သွားပြီးလေ့လာ တယ်။ Survey လုပ်တယ်။ သူတို့တွေ Initial Public Offering လုပ်ဖို့အတွက် ဘာတွေလိုအပ်သလဲ၊ စာရင်းဝင်တဲ့ အဆင့်ရောက်ဖို့အတွက် ဘာတွေလိုသလဲ၊ ဘာတွေ ကူညီပံ့ပိုးဖို့လိုသလဲဆိုတာ လေ့လာတယ်။ လေ့လာတဲ့အခါမှာ ကျွန်တော်တို့ စောစောက

ပြောခဲ့သလို အများနှင့်သက်ဆိုင်သောကုမ္ပဏီ (၃၃၀) ခန့်ရှိတဲ့အထဲမှာ(၁၀၀) ကျော်ကို လေ့လာပြီးပြီ။ ဒီ (၁၀၀) ကျော်ထဲကမှ ပိုကောင်းတဲ့ (၄၀) ကို ရွေးထုတ်လိုက်တယ်။ အဲဒီထဲကမှ ထပ်ကောင်းတဲ့ (၂၀) ကို ထပ်ရွေးပြီး သူတို့ကို စာရင်းဝင်ကုမ္ပဏီတွေ ဖြစ်လာအောင် လိုအပ်တဲ့ ပံ့ပိုးကူညီမှုတွေ ဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့် ဒီနှစ်ထဲမှာ စာရင်းဝင်ကုမ္ပဏီတွေ တိုးပွားလာမယ်၊ စတော့ဈေးကွက်ကြီး တိုးတက်ဖွံ့ဖြိုးလာမယ်လို့ ပြောကြားလိုပါတယ်။

**အစီအစဉ်မှူး ။ ။ MSEC အနေနဲ့ အရင်းအနှီး ဈေးကွက်စတင်တည်ထောင်ဖို့ ကနဦးဖွဲ့စည်းခဲ့တဲ့ အဖွဲ့အစည်းလည်းဖြစ်တယ်။ ဈေးကွက်မှာ ပထမဦးဆုံး Initial Public Offering (IPO) လုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးနေတဲ့ အတွေ့အကြုံလည်း ရှိခဲ့ပြီဆိုတော့ နောက်ထပ် စာရင်းဝင်ကုမ္ပဏီဖြစ်ဖို့ ဆောင်ရွက်နေတဲ့ ကုမ္ပဏီတွေအနေနဲ့ ဘယ်လိုတွေ ကြိုတင်ဆောင်ရွက်ထားသင့်သလဲဆိုတဲ့ အချက်တွေကိုလည်း သိပါရစေ ။**

**ဒေါ်ယဉ်မြတ်မင်း** ။ ။ ပုဂ္ဂလိကကုမ္ပဏီ (Private Company) တွေ အနေနဲ့ ပုဂ္ဂလိကကုမ္ပဏီကနေ အများနှင့်သက်ဆိုင်သောကုမ္ပဏီ (Public Company) အဖြစ် အရင်ဦးဆုံး ပြောင်းရပါမယ်။ အဲဒီဟာတစ်ချက်ပေါ့။ ကုမ္ပဏီတွေအနေနဲ့ ဘဏ္ဍာရေးရှင်းတမ်း (Financial Statements) တွေကို မြန်မာနိုင်ငံစာရင်းကိုင်စံ/ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံ (Myanmar Financial Reporting Standard–MFRS)/ အပြည်ပြည်ဆိုင်ရာစာရင်းကိုင်စံ/ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံ (International Financial Reporting Standard –IFRS) သတ်မှတ်ချက်တွေနဲ့အညီ ပြင်ဆင်ထားရပါမယ်။ အဲဒီ (၂) ချက်ကတော့ ရန်ကုန်စတော့အိပ်ချိန်းက သတ်မှတ်ထားတဲ့ စာရင်းဝင်စံသတ်မှတ်ချက် (၁၇) ချက်ထဲမှာပါဝင်တဲ့ အရေးပါတဲ့ အချက်တွေဖြစ်ပါတယ်။ ဒီအချက်တွေအပြင် စာရင်းဝင်လိုတဲ့ ကုမ္ပဏီက လုပ်ငန်းလုပ်ဖို့ ထည့်ဝင်ထားတဲ့ရင်းနှီးငွေ(Paid-up Capital) က အနည်းဆုံး ကျပ်သန်း (၅၀၀) ရှိရပါမယ်။ အစုရှယ်ယာရှင် အရေအတွက်အနည်းဆုံး (၁၀၀) ရှိရပါမယ်။ နောက်တစ်ခုက လုပ်ငန်းလုပ်ကိုင်တဲ့ ဘဏ္ဍာနှစ်(၂) နှစ်ပေါင်းရဲ့ ဘဏ္ဍာရေးရှင်းတမ်းက အမြတ် (Profit) ထွက်ရပါမယ်။ နောက်တစ်ချက်က အားလုံးပြောတဲ့ အထဲမှာလည်း ပါပါတယ်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုစနစ် (Corporate Governance) ပေါ့။ ဒါလည်း အရေးကြီးပါတယ်။ ပြင်ဆင်ထားရမယ်။ ကုမ္ပဏီတစ်ခုအနေနဲ့ စာရင်းဝင်ဖို့ ဆောင်ရွက်တဲ့ အခါမှာ ကျွန်မတို့လို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းအပြင် ဥပဒေအကြံပေးလုပ်ငန်း

(Law Firm) တွေ၊ စာရင်းစစ်လုပ်ငန်း (Audit Firm) တွေနဲ့ပါ ပူးပေါင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ ဒီအဖွဲ့အစည်း(၄)ခုဟာ အတိုင်အဖောက်ညီညီနဲ့ စာရင်းဝင်တဲ့ Process ကို ပြီးမြောက်အောင်အထိ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ဥပဒေအကြံပေး လုပ်ငန်း (Law Firm)အနေနဲ့က ဘယ်လိုပါဝင်လာသလဲဆိုရင် စာရင်းဝင်လိုတဲ့ ကုမ္ပဏီတွေက သူရဲ့စတော့ရှယ်ယာတွေကို ရောင်းမယ်/ ရန်ကုန်စတော့အိပ်ချိန်းမှာ စာရင်းဝင်လိုတယ် ဆိုရင် သူရဲ့လုပ်ငန်းဆိုင်ရာသတင်းအချက်အလက်၊ ဘဏ္ဍာရေးဆိုင်ရာအချက်အလက် အစရှိတဲ့ သတင်းအချက်အလက်တွေပါတဲ့ အလားအလာညွှန်းတမ်း (Prospectus)ကို ရေးဆွဲပြင်ဆင်ရပါတယ်။ အဲဒီအလားအလာညွှန်းတမ်း (Prospectus) ထဲမှာ သတင်းအချက် အလက်တွေကို ပွင့်လင်းမြင်သာမှု (Transparency) ရှိရှိ ရင်းနှီးမြှုပ်နှံမယ့်သူတွေကို ထုတ်ဖော်ပြသရပါတယ်။ အဲဒီ Process ကိုလုပ်တဲ့ အဖွဲ့အစည်းကတော့ ဥပဒေအကြံပေး လုပ်ငန်း (Law Firm) ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကုမ္ပဏီကလည်း ဘဏ္ဍာရေးဆိုင်ရာအချက်အလက်တွေ၊ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ သတင်းအချက်အလက်တွေနဲ့ ပတ်သက်တဲ့ စစ်ဆေးမေးမြန်းမှုတွေ လုပ်ရပါတယ်။ စာရင်းစစ်လုပ်ငန်း (Audit Firm) အနေနဲ့ကလည်း စာရင်းစစ်စံတွေအတိုင်း ဘဏ္ဍာရေး ရှင်းတမ်းတွေကို စစ်ဆေးကြရပါတယ်။ အဲဒီတော့ ကျွန်မတို့အဖွဲ့အစည်း (၄)ခုဟာဆိုရင် တက်ညီလက်ညီနဲ့ ဒီစတော့အိပ်ချိန်းမှာ စာရင်းဝင်ဖို့အတွက် အတူတကွပူးပေါင်းဆောင်ရွက် ရပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါ ကျွန်မတို့အဖွဲ့အစည်း(၃)ခုဖြစ်တဲ့ ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ (Securities Company)၊ ဥပဒေအကြံပေးအဖွဲ့အစည်း (Law Firm) နဲ့ စာရင်းစစ်လုပ်ငန်း (Audit Firm) တွေက လိုအပ်တဲ့ စာရွက်စာတမ်းတွေကို စာရင်းဝင်လိုတဲ့ ကုမ္ပဏီဆီက တောင်းခံပါတယ်၊ အဲဒီလိုတောင်းခံတဲ့အခါမှာ စာရင်းဝင်လိုတဲ့ ကုမ္ပဏီက အဖွဲ့လေး(၁)ခုကို ဖွဲ့ထားရပါတယ်၊ သူတို့ကုမ္ပဏီအနေနဲ့ အဲဒီအဖွဲ့ထဲမှာ ဆုံးဖြတ်ချက် ချပေးနိုင်တဲ့သူ (Decision Maker) ပါဖို့လိုပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့က သူတို့ရဲ့ အရေးကြီးတဲ့ သတင်းအချက်အလက်တွေ (Confidential Data) တွေကို တောင်းမှာ ဖြစ်ပါတယ် ။ အဲဒီအခါကျရင် သူတို့က မြန်မြန်ဆန်ဆန် ပေးနိုင်ဖို့အတွက် ဆုံးဖြတ်ချက်ချပေး နိုင်တဲ့သူ (Decision Maker) ပါမှသာလျှင် ဒီအဖွဲ့က ကျွန်မတို့လိုအပ်တာကို မြန်မြန်ပေးနိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့စာရင်းဝင်ခြင်း လုပ်ငန်းစဉ် (ListingProcess) ကို ဆောင်ရွက်တဲ့အခါမှာ ကျွန်မတို့က ဆောင်ရွက်မှုခန့်မှန်းကြာချိန် (Timeline) ကို

သူတို့ကိုဆွဲပေးပါတယ်။ ဒီစာရင်းဝင်ခြင်းလုပ်ငန်းစဉ် (Process) တစ်ခုလုံးမှာဆိုရင် ဘယ်အချိန်မှာ ဘာပြီးအောင်လုပ်ရမယ်ဆိုတာကို ကျွန်မတို့က အမြဲတွန်းအားပေး လုပ်ဆောင်ရပါတယ်။ စာရင်းဝင်လိုတဲ့ ကုမ္ပဏီကို ဥပဒေအကြံပေးအဖွဲ့အစည်း (Law Firm) ကလည်း ကျွန်မတို့လိုပဲ တွန်းအားပေးလုပ်ဆောင်နေတဲ့ အပိုင်းတွေ ရှိပါတယ်။ ကျွန်မတို့ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company) ကတော့ အားလုံးကို ဦးဆောင်ပြီး တွန်းအားပေး ဆောင်ရွက်ရပါတယ်။ အဲဒီတော့မှ စာရင်းဝင်ခြင်းလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ နောက်တစ်ခုက ကျွန်မတို့အနေနဲ့ ဒီလိုမျိုး စာရင်းဝင်လိုတဲ့ ကုမ္ပဏီတွေကို တွေ့ဆုံမှုတွေပြုလုပ်ပြီး အလားအလာရှိတဲ့ ကုမ္ပဏီတွေကို စာရင်းဝင်ခြင်း အခြေခံလုပ်ငန်းစဉ် (Listing Process) အကြောင်းကို သွားပြီးရှင်းပြ ပေးပါတယ်။ စာရင်းဝင်ဖို့ ပြင်ဆင်မှုတွေ ဘာတွေလုပ်ရမယ် ဆိုတာကို ကျွန်မတို့အနေနဲ့ သွားရောက်ပြီးတော့လည်း ရှင်းပြပါတယ်။ ပြီးတော့ ပြည်သူလူထု အသိပညာပေးရန် (Public Awareness) အတွက်လည်း ပညာပေးဟောပြောပွဲ (Seminar) တွေကို ဥပဒေ အကြံပေးအဖွဲ့အစည်း (Law Firm) တွေ၊ စာရင်းစစ်လုပ်ငန်း (Audit Firm) တွေနဲ့ ပူးပေါင်း ပြီးတော့ လုပ်ဆောင်ပေးပါတယ်။

နောက်တစ်ချက် ပြောဖို့ကျန်နေတာက စာရင်းဝင်မယ်ဆိုရင် ဘယ်လောက်ကြာမှာလဲ ဆိုတဲ့ မေးခွန်းပေါ့၊ ကျွန်မတို့ အနေနဲ့ကျတော့ စာရင်းဝင်ကုမ္ပဏီ (၅) ခုမှာ (၄) ခုကို စာရင်းဝင်ဖြစ်အောင် ဆောင်ရွက်ပေးခဲ့တဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ အဲဒီတော့ ဘာကြောင့် ဒီ(၄) ခုကို ဆောင်ရွက်ပေးနိုင်သလဲဆိုရင် ကျွန်မတို့က ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ (Securities Companies) တွေထဲမှာ သက်တမ်းအရင့်ဆုံး ၁၉၉၆ ကတည်းက ဖွဲ့စည်းခဲ့တာဖြစ်တယ်။ ကျွန်မတို့ရဲ့ Partner (အကျိုးတူပူးပေါင်းထားသောအဖွဲ့အစည်း) ဖြစ်တဲ့ Daiwa Securities Group ဟာ စတော့ရှယ်ယာတွေနဲ့ ပတ်သက်တဲ့ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း (Securities Business) မှာဆိုရင် ဂျပန်နိုင်ငံမှာအကြီးဆုံး (၄)ခုထဲက (၁)ခု ဖြစ်ပါတယ်။ အဲဒီတော့ သူတို့ဆီက ကျွန်မတို့က နည်းပညာပိုင်းဆိုင်ရာအကူအညီ (Technical Assistance) တွေရပါတယ်။ အဲဒါကြောင့် ကျွန်မတို့က စာရင်းဝင်ကုမ္ပဏီတွေ (၅) ခုထဲက (၄) ခု ကို အောင်အောင်မြင်မြင်နဲ့ ဝန်ဆောင်မှုပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ဆောင်ရွက်တဲ့အခါမှာ ဘယ်လောက်ကြာသလဲ တချို့ကမေးကြပါတယ်။ အဲဒီလိုမေးတဲ့အခါ သူတို့ရဲ့စာရင်းဝင်လိုတဲ့ ကုမ္ပဏီတွေရဲ့ အဆင်သင့်ဖြစ်မှု၊ ဘဏ္ဍာရေး

ရှင်းတမ်း (Financial Statements) တွေပြင်ဆင်တာ အဆင်သင့်ဖြစ်ပြီလား၊ တခြား လိုအပ်တဲ့အချက်တွေလည်း ရှိတယ်ပေါ့၊ အဲဒါတွေအဆင်သင့်ဖြစ်ပြီလားဆိုတဲ့ အချက်တွေ အပေါ်မှာ မူတည်နေပါတယ်။ နောက်တစ်ခုကသူတို့ကို ကျွန်မတို့ငွေချေးသက်သေခံ လက်မှတ်ကုမ္ပဏီ (Securities Company)၊ ဥပဒေအကြံပေးအဖွဲ့အစည်း (Law Firm) နဲ့ စာရင်းစစ်လုပ်ငန်း (Audits Firm) တို့ကနေပြီးတော့ လိုအပ်တဲ့အချက်အလက် (Information) တွေကို တောင်းမယ်ဆိုရင် သူတို့ရဲ့တုံ့ပြန်မှု (Response)ပေါ့၊ သူတို့က ကျွန်မတို့ တောင်းတာကို မြန်မြန်ဆန်ဆန် ပေးနိုင်သလား စတဲ့အချက် (၂) ချက်အပေါ်မှာ မူတည် ပါတယ်ရှင့်။

**အစီအစဉ်မှူး ။** ။**အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စာရင်းဝင်ကုမ္ပဏီတွေ တိုးတက်များပြားလာစေရေးတွင် ဘယ်လိုပံ့ပိုးမှုတွေ၊ ဆွဲဆောင်မှုတွေ ဆောင်ရွက်ပေးသင့် သလဲဆိုတာ စာရင်းဝင်ကုမ္ပဏီ(၁)ခုအနေနဲ့ ပြောပြပေးပါဦး။**

**ဒေါက်တာ နန်းလဲ့ရည်စိုး ။** ။စာရင်းဝင် ကုမ္ပဏီတစ်ခုအမြင်နဲ့ ပြောရမယ်ဆိုရင် အခု လက်ရှိမှာ ကျွန်မတို့ စာရင်းဝင်ကုမ္ပဏီတွေအတွက် ဝင်ငွေခွန်သက်သာခွင့် ၅ ရာခိုင်နှုန်း ခွင့်ပြုထားပါတယ်။ အဲဒီအတွက် စာရင်းဝင်ကုမ္ပဏီတွေ ကိုယ်စား နိုင်ငံတော်ကို ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ဒါပေမယ့်လည်း အစုများ ပိုင်ဆိုင်သည့်ကုမ္ပဏီ (Holding Company) ဖြစ်ခဲ့မယ်ဆိုရင်တော့ ပေးသာပေးတာ မရသလိုမျိုး အနေအထား မှာတော့ ရှိနေပါတယ်။ အဲဒီအတွက်ကြောင့်မိုလို့ နောက်ပိုင်း မှာ Holding Company နဲ့ ပတ်သက်ပြီးတော့မှ ပြန်ပြီး စဉ်းစားပေးသင့်တယ်လို့ မြင်ပါတယ်။ အဲဒီလို စဉ်းစား ပေးမယ်ဆိုရင် Holding Company တွေ အနေနဲ့ စာရင်းဝင်ကုမ္ပဏီအဖြစ် ပိုများ လာမယ်လို့ ယုံကြည်မိပါတယ်။ ကျွန်မတို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေကို ကြည့်မယ်ဆိုရင် စာရင်းဝင်ကုမ္ပဏီ ပိုမိုများပြားလာအောင် ဆွဲဆောင်မှုတွေ လုပ်တဲ့အချိန်မှာ ဝင်ငွေခွန်ကို လျှော့ပေးပြီးတော့ ဆွဲဆောင်တာကို တွေ့ရပါတယ်။ ကျွန်မတို့နိုင်ငံမှာ အခုလက်ရှိ ဈေးကွက် သက်တမ်းကလည်း နုနေတဲ့အချိန်ဖြစ်တဲ့အတွက် ကာလတို အစီအစဉ်အနေနဲ့ ဒီဝင်ငွေခွန် ကင်းလွတ်ခွင့် ၅၀ ရာခိုင်နှုန်းကို (၂) နှစ် သို့မဟုတ် (၃) နှစ်တန်သည် ပေးသင့်တယ်လို့ ယူဆပါတယ်။ အဲဒီလိုပေးတယ်ဆိုရင်လည်း ကျွန်မတို့ ယခုအချိန်မှာ စာရင်းဝင်ကုမ္ပဏီ ကလည်း နည်းသေးတယ်။ အဲဒီအတွက်ကြောင့် နိုင်ငံတော်ရဲ့ ဝင်ငွေခွန် သိသိသာသာ လျော့ကျသွားမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ဆွဲဆောင်မှုပြုလုပ်တဲ့အခါမှာ ပိုပြီးတော့

ထိရောက်မှု ရှိနိုင်ပါတယ်။ နိုင်ငံတော်အနေနဲ့ ကြည့်မယ်ဆိုရင် နောက်ပိုင်းမှာ စာရင်းဝင်ကုမ္ပဏီက များလာလေလေ အခွန်စည်းကြပ်မှုအပိုင်းမှာ ထိရောက်မှုရှိလာနိုင်တဲ့အတွက်ကြောင့် နိုင်ငံတော်အတွက် အကျိုးကျေးဇူးတွေလည်းရလာနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင်ဝန်ကြီးဌာနအသီးသီးကနေ စီမံကိန်းကြီးတွေ တင်ဒါခေါ်တဲ့အချိန်မှာ စာရင်းဝင်ကုမ္ပဏီတွေကို ဦးစားပေးသင့်တယ်လို့ ထင်ပါတယ်။ ဘာလို့လဲဆိုတော့ စာရင်းဝင်ကုမ္ပဏီတွေဆိုတာ အဘက်ဘက်ကနေ သေချာစွာစိစစ်ထားတဲ့ ကုမ္ပဏီတွေလည်းဖြစ်တယ်၊ ဒီလိုဖြစ်တဲ့အတွက်ကြောင့်မိုလို့ လုပ်ငန်းအပ်နံ့တဲ့ အချိန်မှာလည်း လူအင်အား၊ ငွေအင်အားနဲ့ အုပ်ချုပ်မှုအင်အားတွေနဲ့ ပတ်သက်ပြီးတော့ စိတ်ချယုံကြည်လို့ ရပါတယ်။ တခြားသင့်လျော်တဲ့ ဦးစားပေးအခွင့်အရေးတွေ ထည့်သွင်းပြီးတော့ စဉ်းစားပေးမယ်ဆိုရင် စာရင်းဝင်ကုမ္ပဏီတွေ တိုးတက်များပြားလာမယ်လို့ ယုံကြည်ပါတယ်။

**အစီအစဉ်မှူး ။ ။ရန်ကုန်စတော့အိပ်ချိန်းမှာ အဖွဲ့အစည်းရင်းနှီးမြှုပ်နှံသူတွေပါဝင်ရင်းနှီးမြှုပ်နှံနိုင်ဖို့ ဘယ်လိုအစီအစဉ်တွေနဲ့ ဆောင်ရွက်သင့်သလဲဆိုတာ နည်းနည်းလောက်ရှင်းပြ ပေးပါဦး။**

**ဒေါ်တင်မေဦး ။** ။ဈေးကွက်အေးနေတယ်ဆိုတာ တကယ်တော့ တစ်ဦးချင်း ရင်းနှီးမြှုပ်နှံတဲ့ လူတွေပဲများနေလို့ပါ၊ အဖွဲ့အစည်းရင်းနှီးမြှုပ်နှံတဲ့ သူကမရှိဘူး ဖြစ်နေတာ၊ အဲဒီတော့ တခြားနိုင်ငံတွေ ကြည့်မယ်ဆိုရင် ပင်စင်ရန်ပုံငွေ၊ အိုနာစာရန်ပုံငွေ၊ ကုမ္ပဏီတွေရဲ့ အိုနာစာရန်ပုံငွေ၊ လူမှုဝန်ထမ်း၊ လူမှုဖူလုံရေး အဲဒီလိုအဖွဲ့အစည်းတွေက ရန်ပုံငွေတွေကို စတော့အိပ်ချိန်းမှာ ရင်းနှီးမြှုပ်နှံဖို့ ခွင့်ပြုတယ်။ ခွင့်ပြုတဲ့အခါကျတော့ အဲ့ဒီငွေတွေကို တိုးပွားအောင်လုပ်ပေးနိုင်တဲ့အတွက် သူတို့အတွက်လည်း ပိုအကျိုးရှိတယ်။ နောက်တစ်ခုက နိုင်ငံတော်ကလည်း ပင်စင်အတွက် စိတ်ပူစရာမလိုဘူး။ သူ့ရန်ပုံငွေနဲ့သူလည်ပတ်အောင် လုပ်နိုင်တဲ့အတွက် နိုင်ငံတော်အတွက်လည်း ဝန်ထုပ်ဝန်ပိုးတစ်ခု လျော့ကျနိုင်တယ်။ တခြားနိုင်ငံတွေမှာ အလုပ်သမားများ ရင်းနှီးမြှုပ်နှံမှုအစီအစဉ် (Employee Investment Scheme) ဆိုပြီးလည်းရှိတယ်။ ကိုယ့်အလုပ်သမားတွေကို ကိုယ့်ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံအောင်ဆိုပြီးတော့လုပ်ပေးတယ်။ အဲဒီတော့ ကုမ္ပဏီတိုးပွားလာတာနဲ့အမျှ အလုပ်သမားတွေအနေနဲ့ ကုမ္ပဏီကြီးပွားလေ သူတို့ရဲ့ပိုင်ဆိုင်မှုကလည်း တက်လာလေဆိုတော့ အဲ့ဒီအစီအစဉ်က အများကြီးအကျိုးရှိပါတယ်။

**အစီအစဉ်မှူး ။ ။မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်အရ မြန်မာနိုင်ငံရဲ့ စတော့ရှယ်ယာဈေးကွက်မှာ တိုးတက်ပြောင်းလဲမှုများ ဖြစ်လာနိုင်ပါသလား။**

**ဦးဌေးချွန် ။** ။မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအသစ်အရ ကော်ပိုရိတ်စီမံခန့်ခွဲမှု ပြဋ္ဌာန်းချက်ပါလာတယ်။ ဒါကတော့ ဥပဒေအသစ်ရဲ့ ထူးခြားချက်ပါပဲ။ အဲဒီမှာ ဒါရိုက်တာတွေရဲ့ တာဝန်ကိုလည်း သတ်သတ်မှတ်မှတ် ပေးထားတယ်။ ဥပမာ duty of care ဆိုတဲ့ ဂရုတစိုက်ဘယ်လိုလုပ်ရမယ်၊ သစ္စာရှိရမယ်၊ ဥပဒေကို ဘယ်လိုလိုက်နာရမယ်၊ ဖွဲ့စည်းပုံစည်းမျဉ်းကို ဘယ်လိုလိုက်နာရမယ် ဆိုတာကအစ ဘယ်လိုပွင့်လင်းမြင်သာမှုရှိရမယ်ဆိုတဲ့ စည်းကမ်းချက်တွေ ပါဝင်ပါတယ်။။ တစ်ဖက်က Myanmar Institute of Directors (MIOD)တည်ထောင်ပြီး ကုမ္ပဏီဒါရိုက်တာတွေအတွက် ပညာပေးလုပ်ငန်းတွေလုပ်မယ်၊ အရည်အချင်းပြည့် ဒါရိုက်တာတွေမွေးထုတ်မယ်။ ကုမ္ပဏီဥပဒေအသစ်အရလည်း ကော်ပိုရိတ်စီမံခန့်ခွဲမှုကို ဥပဒေအရ မလိုက်နာမဖြစ်လိုက်နာရမယ်ဆိုတဲ့ ပြဋ္ဌာန်းချက်တွေပါတယ်။ အဲဒီလိုဆိုရင် ကျွန်တော်တို့ နိုင်ငံကုမ္ပဏီတွေရဲ့ ကော်ပိုရိတ်စီမံခန့်ခွဲမှု အဆင့်အတန်းက မြင့်လာမယ်။ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီတွေဆိုတာ နိုင်ငံ့စီးပွားထူထောင်ရာမှာ အင်မတန်အရေးကြီးတယ်။ ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုကို တည်ဆောက်တဲ့နေရာမှာ ကော်ပိုရိတ်စီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လေ ယုံကြည်မှုကို တည်ထောင်ပြီးသား ဖြစ်လေဆိုတဲ့ အချက်အရ မကြာမီကာလမှာတော့ ပြောင်းလဲလာမယ်။ ဥပဒေအသစ်ကလည်း ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားပေးနေပါပြီ။

**အစီအစဉ်မှူး ။ ။တစ်ဆက်တည်းမေးလိုတာက ရန်ကုန်စတော့အိပ်ချိန်းမှာ နိုင်ငံခြားကုမ္ပဏီတွေကို စာရင်းဝင်ကုမ္ပဏီအဖြစ်နဲ့ ဖိတ်ခေါ်နိုင်ပါပြီလား။**

**ဦးဌေးချွန် ။** ။မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအသစ်က လွယ်ကူချောမွေ့စေရေးအပိုင်းမှာ ထင်ရှားပါတယ်။ လွယ်ကူချောမွေ့စေရေးဆိုတဲ့ အပိုင်းမှာ online နဲ့ ကုမ္ပဏီဖွဲ့စည်းတည်ထောင်လို့ရပြီ။ အင်မတန်လွယ်ပါတယ်။ နာရီဝက်လောက်ဆိုရင် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ပြီးပါပြီ။ အရင်ဥပဒေတုန်းက နိုင်ငံခြားသား အစုရှယ်ယာတစ်စုပါရင် နိုင်ငံခြားကုမ္ပဏီဖြစ်သွားတယ်။ ကုမ္ပဏီတည်ထောင်တဲ့ အချိန်ကနေစပြီးတော့ ကုမ္ပဏီသက်တမ်းတစ်လျှောက်လုံးမှာ ကွာခြားချက်တွေရှိတယ်။ ကုမ္ပဏီ ဥပဒေအသစ်အရဆိုရင် မြန်မာကုမ္ပဏီနဲ့ နိုင်ငံခြားကုမ္ပဏီ ကွာခြားချက်မရှိတော့ပါဘူး။ ဖွဲ့စည်းတည်ထောင်တဲ့အခါ အရင်တုန်းကဆိုရင် ပါမစ်ဆိုတာလျှောက်ရတယ်။ အခုလျှောက်ဖို့မလိုတော့ဘူး။ ဘာပဲ

ကွာသလဲဆိုရင် အဓိကအချက်က စတင်တည်ထောင်တဲ့အချိန်မှာ နိုင်ငံခြားကုမ္ပဏီဆိုရင် DICA သို့ အကြောင်းကြားရမယ်။ နောက်တစ်ခါ အစုရှယ်ယာတွေ ရောင်းရင်းဝယ်ရင်းနဲ့ နိုင်ငံခြားသား ပိုင်ဆိုင်မှု ၃၅ ရာခိုင်နှုန်း ကျော်သွားရင် နိုင်ငံခြားကုမ္ပဏီ ဖြစ်သွားတဲ့အခါ DICA ကို အကြောင်းကြားရမယ်။ နှစ်ပတ်လည် အစည်းအဝေးကျင်းပတဲ့အခါမှာ နိုင်ငံခြား ကုမ္ပဏီဖြစ်ပါက DICA သို့ အကြောင်းကြားရမယ်။ ဒီအချက် (၃) ချက်ပဲ ဆောင်ရွက် ရပါမယ်။ နောက်တစ်ခု အရင်ဥပဒေတုန်းက နိုင်ငံခြားကုမ္ပဏီတွေမှာ အများနှင့် သက်ဆိုင်သောကုမ္ပဏီ တည်ထောင်ဖို့ ကန့်သတ်ချက်တွေရှိတယ်။ အခု ဥပဒေအရ နိုင်ငံခြားကုမ္ပဏီဟာ အများနဲ့သက်ဆိုင်တဲ့ကုမ္ပဏီ ထောင်လို့ရတယ်။ အများနဲ့သက်ဆိုင်တဲ့ ကုမ္ပဏီထောင်လို့ရတဲ့အတွက် အများပြည်သူကို အစုရှယ်ယာရောင်းချနိုင်တယ်။ အဲဒါက အစုရှယ်ယာထုတ်ဝေတဲ့ ကုမ္ပဏီတွေ (Issuer) အပိုင်းဖြစ်ပါတယ်။ Investor အပိုင်းက ကြည့်မယ်ဆိုရင် လက်ရှိစာရင်းဝင်ကုမ္ပဏီများမှာ နိုင်ငံခြားသားအစုရှယ်ယာရှင်များသည် ၃၅ ရာခိုင်နှုန်း အထိဝယ်ယူခွင့်ရှိမယ်။ လက်ရှိစာရင်းဝင် ကုမ္ပဏီတွေက သူတို့ဘယ်လောက်ထိ လက်ခံမယ်ဆိုတဲ့ ဆုံးဖြတ်ချက်အပေါ်မှာမူတည်တယ်။ အဲဒီမှာ ဘာတွေထူးခြားလာမလဲ။ တစ်ဦးချင်းရင်းနှီးမြှုပ်နှံသူ (Individual Investor) တွေရော၊ အဖွဲ့အစည်းလိုက် ရင်းနှီးမြှုပ်နှံသူ (Institutional Investor) တွေရော ပိုမိုများပြားလာမယ်။ ဒါကြောင့် စတော့ရှယ်ယာဈေးကွက် ပိုမိုပြီးတော့မြန်ဆန်သွက်လက်လာမှာ ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။အများပြည်သူ (ရင်းနှီးမြှုပ်နှံသူ) များအနေနဲ့ စတော့ရှယ်ယာ ဈေးကွက်မှာ မိမိတို့၏စုဆောင်းငွေထဲက တစ်စိတ်တစ်ပိုင်းကို ဘာကြောင့်ရင်းနှီးမြှုပ်နှံ သင့်သလဲ။ ဘယ်အချိန်မှာ ရင်းနှီးမြှုပ်နှံသင့်သလဲ။ ဘယ်ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံသင့်သလဲ။ ရင်းနှီးမြှုပ်နှံတဲ့နေရာမှာ ဘယ်လိုစဉ်းစားဆုံးဖြတ်ချက် ချရမလဲဆိုတာကို ရှင်းလင်း ပြောကြားပေးပါ။**

**ဒေါက်တာနန်းလှဲ့ရည်စိုး။** ။ရင်းနှီးမြှုပ်နှံမှုပြုလုပ်မယ်ဆိုရင် တစ်နေရာထဲမှာ ရင်းနှီးမြှုပ်နှံမှာထက်စာရင် နည်းနည်းစီ နေရာခွဲပြီးရင်းနှီးမြှုပ်နှံသင့်ပါတယ်။ မြန်မာနိုင်ငံ မှာဆိုရင် တချို့တွေက ရွှေဝယ်တာကြိုက်တယ်။ တချို့က အိမ်ခြံမြေဈေးကွက်မှာ ရင်းနှီး မြှုပ်နှံကြတယ်။ တချို့က ဘဏ်မှာပဲစုဆောင်းတယ်။ အဲဒါတွေအပြင် အစုရှယ်ယာဈေးကွက် (Stock Market) ပေါ်လာတဲ့အတွက်ကြောင့် Stock Market မှာလည်း ရင်းနှီးမြှုပ်နှံ သင့်တယ်လို့ အကြံပေးချင်ပါတယ်။ ဘာလို့လဲဆိုတော့ ဒီမှာရင်းနှီးမြှုပ်နှံတဲ့အခါ ကာလရှည်

အတွက် အကျိုးအမြတ်အများကြီးကို ရရှိစေပါတယ်။ စတော့ရှယ်ယာမှာ ရင်းနှီးမြှုပ်နှံမယ် ဆိုရင် ကုမ္ပဏီတစ်ခုမှာ ရှယ်ယာဝင်လိုက်တယ်ဆိုရင် ကုမ္ပဏီရဲ့ တစိတ်တစ်ဒေသကို ပိုင်ဆိုင်တာနဲ့အတူတူပဲ၊ ဒုတိယဝန်ကြီး ဆွေးနွေးသွားတဲ့ အထဲမှာလည်းပါပါတယ်။ ကုမ္ပဏီက မြတ်မယ်ဆိုရင် ကျွန်မတို့ အမြတ်ဝေစုရမယ်။ ရှယ်ယာဈေးတွေ တက်သွားမယ်ဆိုရင် အမြတ်ငွေရရှိမယ်။ ကုမ္ပဏီမှာ အစုရှယ်ယာဝယ်ရင် ဘယ်အချိန်မှာဝယ်သင့်သလဲဆိုတော့ စတော့ရှယ်ယာဈေးကွက်မှာ အတက်နဲ့အကျဆိုတာတော့ ရှိတယ်။ အကျမှာဝယ်ပြီးတော့မှ အတက်မှာ ရောင်းသင့်တယ်။ အခုမြန်မာနိုင်ငံမှာဖြစ်နေတဲ့ အနေအထားက ကျတဲ့အချိန် ဆိုရင် အားလုံးက ဒီထက်ကျသွားမှာ စိုးရိမ်တဲ့အတွက်ကြောင့် အပြိုင်အဆိုင် ရောင်းကြတယ်။ အဲဒီအတွက်ကြောင့် ဈေးကပိုပြီးတော့မှ ကျသွားတယ်။ တက်တဲ့အချိန်မှာ အပြေးလိုက်ဝယ်တယ်။ ဘာလို့လဲဆိုတော့ ဈေးကတက်သွားမှာစိုးလို့ အဲဒီလိုမျိုး ပြောင်းပြန်တွေ ဖြစ်နေတယ်။

အမှန်တကယ်တော့ ဈေးကျနေတဲ့အချိန်မှာ ဝယ်ထားပြီးတော့ ဈေးတက်တဲ့အချိန်မှာ ရောင်းသင့်တယ်။ စတော့ရှယ်ယာရဲ့ သဘောသဘာဝကလည်း စက်ဝိုင်းလိုဖြစ်နေတယ်။ တက်သွားတယ်ဆိုရင် ပြန်ကျတယ်။ ကျသွားပြီးတဲ့အချိန်မှာ ပြန် တက်လာတတ်တယ်။ ဘယ်ကုမ္ပဏီမှာ ရင်းနှီးမြှုပ်နှံသင့်သလဲဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး စတော့အိပ်ချိန်းမှာ စာရင်းဝင်ထားတဲ့ ကုမ္ပဏီရဲ့ အချက်အလက်တွေကို သေချာလေ့လာဆုံးဖြတ်ချက် ချခြင်းနဲ့ ဈေးကျတဲ့အချိန် ပေါင်းစပ်ပြီးဝယ်သင့်တယ်လို့ အကြံပေးချင်ပါတယ်။

**အစီအစဉ်မှူး ။ ။ဒုတိယဝန်ကြီးကို မေးလိုတာက စတော့ရှယ်ယာဈေးကွက် တိုးတက်အောင် ကော်မရှင်အနေနဲ့ ဆောင်ရွက်မယ့် ရှေ့လုပ်ငန်းစဉ်တွေကိုလည်း သိပါရစေ။**

**ဒုတိယဝန်ကြီး ။** ။ ကျွန်တော်တို့ စကားဝိုင်းပထမပိုင်းမှာ ဆွေးနွေးခဲ့တဲ့ Four I ဖြစ်တဲ့ Issuer၊ Investor၊ Infrastructure နဲ့ Intermediary အပိုင်းတွေမှာ စတော့အိပ်ချိန်းလည်း ထောင်ထားတယ်၊ Infrastructure တွေဖြစ်တဲ့ ICT Platforn တွေ လုပ်ပေးထားတယ်။ ဒါကြောင့် နိုင်ငံတော်အပိုင်းကတော့ ကျွန်တော်တို့ လုပ်ပေးရမယ့် တာဝန်တွေကို ကျွန်တော်တို့ကြိုးပမ်းပြီးတော့ ပြည့်စုံအောင်ဖြည့်ဆည်းပေးထားတယ်လို့ ဆိုချင်ပါတယ်။

အဲဒီတော့ Issuer အပိုင်းနဲ့ Investor အပိုင်းပဲ ကျန်ပါတယ်။ Issuer အပိုင်းလည်း တိုးတက်လာဖို့လိုပါတယ်။ Investor ကလည်း များများသိပြီး များများ ရွေးချယ်ပြီးတော့ ရင်းနှီးမြှုပ်နှံကြခြင်းအားဖြင့် ကာလရှည်မှာ အကျိုးအမြတ်တွေ ရလာနိုင်မှာပါ။ ကမ္ဘာမှာ၊

အာရှမှာ အချမ်းသာဆုံးဆိုတဲ့ ပုဂ္ဂိုလ်တွေ၊ အဖွဲ့အစည်းတွေကို ကြည့်ရင်လည်း အရင်းအနှီးဈေးကွက်တွေမှာ ရင်းနှီးမြှုပ်နှံပြီးတော့ ချမ်းသာလာကြတဲ့ လူတွေပဲဖြစ်ပါတယ်။ အရင်းအနှီး ဈေးကွက်ဆိုတဲ့ သဘောကတော့ကာလတိုအတွက် ကြည့်တာမဟုတ်ပါဘူး။ ကာလရှည် အတွက်ကိုကြည့်ပြီးတော့ ရင်းနှီးကြတာဖြစ်ပါတယ်။ ကျွန်တော်တို့ ကော်မရှင်မှာ Special Task Force (STF) ဆိုပြီး ဖွဲ့ထားပါတယ်။ STF ဦးဆောင်ပြီးတော့ စာရင်းဝင် ကုမ္ပဏီ တိုးပွားလာစေဖို့ ဆောင်ရွက်နေပါတယ်။ လိုအပ်နေသည်များကို ပံ့ပိုးဆောင်ရွက် ပေးလျက်ရှိပါတယ်။ အဲဒါကြောင့် မေးမြန်းချင်တာရှိရင် အချိန်မရွေးကော်မရှင်ကို ဆက်သွယ်ပြီးတော့ မေးမြန်းနိုင်ပါတယ်။ ကျွန်တော်တို့ ရန်ကုန်စတော့အိပ်ချိန်းတို့၊ ကော်မရှင်တို့ဆိုတာ ရန်ကုန်မြို့ရဲ့ အချက်အချာနေရာဖြစ်တဲ့ ဆူးလေဘုရားလမ်းမှာ ရှိပါတယ်။ အချိန်မရွေး မေးမြန်းလို့ရပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆက်လက် ကြိုးစား ဆောင်ရွက်ပါမယ်လို့ ပြောကြားလိုပါတယ်။

***********************************